မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ်(၃၂၂)

ကတညုတာ စ တံ မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

လယ်မြေ ၉၆၇၇၇ ဧက ဆည်ရေပေးဝေနိုင်မည့် ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း သတ်မှတ်ကာလထက်စောပြီးစီးရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းကာရီခွဲက ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး (အကြံပေး) ဦးထွန်းအောင်လွင်က ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဗူးရွာရေလှောင်တမံစီမံကိန်း၊ အထက်ဗူးရွာရေလှောင်တမံစီမံကိန်းနှင့် မြစ်သာရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၇ ကော်လံ ၃ ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပွင့်ဖြူမြို့နယ်ရှိ မုန်းချောင်းကြိုးတံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

သောက်ရေတွင် အာဆင်းနစ်ဓာတ်ပါဝင်မှုများပါက ဆီးချိုရောဂါ ဖြစ်ပွားနိုင်

သောက်ရေသန့်များနှင့် အချို့သော သောက်သုံးရေများတွင် အာဆင်းနစ်ဓာတ် ပါဝင်မှုများနေတတ်ရာ ယင်းသို့ သောက်သုံးရေများကိုသောက်သုံးပါက ခန္ဓာကိုယ်အတွင်း၌အာဆင်းနစ်ခေါ်စိန်ဓာတ်များကြောင့် သွေးနှင့် ဆီးအတွင်း ဓာတ်ပျက်စီးမှုများ ဖြစ်ပေါ်ပြီး ဆီးချို သွေးချိုရောဂါ ဖြစ်ပွားနိုင်။

အင်တာနက်ကျန်းမာရေး စာ - ၅

ဟန်လင်းမြို့ဟောင်းကို ထပ်မံတူးဖော်

ဟန်လင်းမြို့ဟောင်းကို ထပ်မံတူးဖော် သုတေသနပြု တွေ့ရှိချက်များအရ မြို့ဟောင်း တစ်နေရာတည်း၌ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်မှစ၍ ယနေ့ခေတ်တိုင် ခေတ်အဆက်ဆက် ယဉ်ကျေးမှုထွန်းကားသော နေရာဖြစ်ကြောင်း၊ ပျူယဉ်ကျေးမှုထွန်းကားသည့်ကာလ မတိုင်မီကတည်းကပင် ယင်းဒေသ၌ လူသားများ အစဉ်အဆက်နေထိုင်ခဲ့မှုကို တွေ့ရှိရ။

သုတေသနသတင်း စာ - ၁၀

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများအရည်အသွေး တိုးတက်မြင့်မားလာ

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး စာ - ၁၂

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



လဂြိုဟ်လေ့လာရေး အာကာသယာဉ် သတ်မှတ်ချိန်ထက် စောလွှတ်တင်မည်

နာဆာအဖွဲ့အနေဖြင့် လဂြိုဟ်လေ့လာရေး အာကာသယာဉ်ကို သယ်ဆောင်သွားမည့် အေရက်စ်-၁ ဒုံးပျံမှာလည်း မူလအတိုင်း အာကာသယာဉ်ကို သယ်ဆောင်သွားရန် အသင့်ဖြစ်လျက်ရှိသည်။

အာကာသသိပ္ပံ စာ - ၅

မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၂ ရက်)

လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၈ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားခဲ့သည်။

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဦးဆောင်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်လျက်ရှိရာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်တိုအတွင်း တိုးတက်အောင်မြင်မှုရနေပြီ ဖြစ်သည်။

လေဘေးသင့်ခဲ့သော ဧရာဝတီတိုင်း၌ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ မြို့နယ်ခုနစ်မြို့နယ်၏ ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားခဲ့သည်။

မုန်တိုင်းသင့်ခဲ့သော ဧရာဝတီတိုင်းမှ မြို့နယ်ခုနစ်မြို့နယ်ကို အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်ခဲ့ရာ ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့က တက်ညီလက်ညီပူးပေါင်း၍ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အိုးမဲ့အိမ်မဲ့ လေဘေးသင့်ပြည်သူတို့၏ နေထိုင်မှုအဆင်ပြေရေးအတွက် အိမ်များဆောက်လုပ်ပေးခြင်း အပြင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ လူမှုဘဝ ပုံမှန်အနေအထားသို့ ရောက်ရှိပြီ ဖြစ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပင်လယ်ပိုင်းဒေသအထိ ဆက်သွယ်သွားလာနိုင်သည့် လမ်းကြီးသုံးသွယ်ကို ဆောင်ရွက်လျက်ရှိပြီး ပင်လယ်ပိုင်း ဒေသရှိမြို့များတွင် သဘာဝဘေးဒဏ်ရေရှည်ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်ရန် စီမံထားရှိပေသည်။

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ပြည်သူတို့၏လူမှုစီးပွားဘဝ အချိန်တိုအတွင်း ပြန်လည်ရပ်တည်နိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိရာမှာ ဒေသခံပြည်သူတို့ကလည်း မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြိတ်မြို့အလက(၁)ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ရွှေရတုသဘင်နှင့် မြတ်ဆရာ ပူဇော်ပွဲကို အောက်တိုဘာ ၁၈ ရက်(စနေနေ့)တွင် အလက(၁)ကျောင်းသား ကျောင်းသူ ဟောင်းများက စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရွှေရတု အထိမ်းအမှတ်ရုပ်တုကို လည်း ယင်းနေ့တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်၊ ဆက်သွယ်၍ မရ သော အဝေးရောက် ဆရာ ဆရာမများ ကိုယ်တိုင်မှ အမြန်ဆက်သွယ်အကြောင်း ကြားပေးပါရန် မေတ္တာရပ်ခံထားကြောင်း နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးမျိုး ကြည်(ရုံးအဖွဲ့မှူး၊ မြိတ်အသင်း)ဖုန်း-၀၁-၂၂၄၃၄၀၊ ဦးသန်းဆွေ ဖုန်း-၀၁-၇၂၄၇၉၁ ၀၁-၇၀၀၃၉၅၊ ဦးဝင်းဆွေ ဖုန်း-၀၁-၂၀၁၀၇၄၊ ကိုရဲကျော်အောင်-မရင်ရင်ချို ဖုန်း-၀၉-၉၈၂၇၆၅၄၊ ၀၁-၅၁၈၄၃၀၊ (မြိတ်မြို့) ဦးမောင်ဝင်း ဖုန်း-၀၉-၈၇၆၂၆၅၄၊ ဦးအင်စိုး ဖုန်း-၀၉-၈၇၆၀၆၅၈၊ ဦးရဲထွဋ် ဖုန်း-၀၉-၈၇၆၀၂၁၇၊ ဒေါ်မီမီလွင် ဖုန်း-၀၅၉-၄၁၁၈၈၊ ဒေါ်မြသန္တာလွင် ဖုန်း-၀၅၉-၄၁၄၄၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၉။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၉၇)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ထူးချွန်ထင်ရှားတပည့်များ(၁)**
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း -၁၆)

အင်ဂျင်ပြုပြင်ပြောင်းလဲထုတ်လုပ်မှု စီမံကိန်းဆိုင်ရာစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Engineering Corporation တို့၏ အင်ဂျင်ပြုပြင်ပြောင်းလဲထုတ်လုပ်မှု စီမံကိန်းဆိုင်ရာစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၈နာရီက နေပြည်တော်ရှိ ရွှေ့ရယ်ကုမုဒြာဟိုတယ်၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဗိုလ်ချုပ်ကျော်စွာခိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ China New Era International Engineering Corporation မှ Vice President, Mr.Wang Yuefei နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာချုပ်လက်မှတ်ရေးထိုးပွဲတွင် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် China New Era International Engineering Corporation မှ Vice President, Mr.Wang Yuefeiတို့က အမှာစကားပြောကြားပြီး စာချုပ်ကိုလက်မှတ်ရေးထိုး လဲလှယ်ကြသည်။**(အပေါ်ပုံ)**

ယခုချုပ်ဆိုသည့် စာချုပ်အရ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ပဲခူးတိုင်း ရေတာရှည်မြို့နယ်၌ အကောင်အထည်ဖော်လျက်ရှိသည့် ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ(သာဂရ)မှ ထုတ်လုပ်မည့် အင်ဂျင်များအနက် 6V 128 ZC အင်ဂျင်များကို မော်တော်ယာဉ်သုံး အင်ဂျင်များအဖြစ် ပြုပြင်ပြောင်းလဲရန် ဒီဇိုင်းရေးဆွဲခြင်း၊ ကုန်တင်ယာဉ်နှင့် ဘတ်စ်ကား များတွင်တပ်ဆင်၍ စမ်းသပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၈ (သောကြာနေ့)

AM & PM

၇:၀၀ -၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ -၁:၀၅ **ဗုဒ္ဓဘာသာသုံးမျိုး**တရားတော် (ပွင့်ဖြူဆရာတော် ဘဒ္ဒန္တကုသရိယ)
၈:၁၀ -၂:၁၀ လက်ဖက်စိုက်တဲ့ရွာကလေး
၈:၂၅ -၂:၂၅ တေးဂီတအစီအစဉ်
၈:၃၀ -၂:၃၀ International Video Topics (အမြွာမျှော်စင်တည်ဆောက်ခြင်း)
၉:၀၀ -၃:၀၀ ဇီဝမြေဩဇာ၏ အကျိုးပြုပုံနှင့်ထူးခြားမှုဖြစ်စဉ်များ
၉:၂၀ -၃:၂၀ ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ -၃:၃၀ Art Vision(Nargis Tale(1) ဓာတ်ပုံပြပွဲ)
၉:၄၅ -၃:၄၅ တေးဂီတအစီအစဉ်
၉:၅၀ -၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ -၃:၅၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀:၁၀ -၄:၁၀ တေးဂီတအစီအစဉ်
၁၀:၁၅ -၄:၁၅ ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀:၃၀ -၄:၃၀ မိုးလေဝသခန့်မှန်းချက်
၁၀:၃၅ -၄:၃၅ Say It In English
၁၀:၅၀ -၄:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ -၄:၅၅ လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ငါးရံ့ခြောက်နှင့် မုန်လာဥချဉ်ရည်ဟင်း)
၁၁:၁၅ -၅:၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅ -၅:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ -၅:၃၀ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၁:၄၀ -၅:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅ -၅:၄၅ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂:၀၀ -၆:၀၀ တေးဂီတအစီအစဉ်
၁၂:၀၅ -၆:၀၅ ခံ့ထည်လှပအစဉ် ကြေးဖောင်းကြွအသွင်
၁၂:၃၀ -၆:၃၀ Fishion Guide (အကယ်ဒမီနွဲ့နွဲ့မူ၏ တစ်ခါတုန်းကဖက်ရှင်)
၁:၀၀ -၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃:၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ	MRTV-4 (Live)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အတွင်း ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရေးအတွက် စုပေါင်း ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ဘောဇန ဆောင်အတွက် ဦးမြတ်ညီညီ-ဒေါ်ခိုင်ရည် မွန်မြင့်၊ သမီး မခင်ခိုင်ခန့်ညီ မိသားစု ၄၆/က ဆရာစံလမ်း ဗဟန်းက ငွေကျပ် ငါးသိန်း၊ ဒေါ်ကြည်ကြည်မြင့် မိသားစု အင်ကြင်းမြိုင်အိမ်ရာ ဗဟန်းက ငွေကျပ် တစ်သိန်း၊ ဗိုလ်ကြီးကျော်မြင့်အား ရည်စူး၍ ဇနီး ဒေါ်သင်းသင်းနှင့် ဗိုလ်ကြီးဇော်ဝင်း-ဒေါ်စန္ဒာမြင့်၊ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ကျော်-ဒေါ်အောင်မာမြင့် မိသားစု ဦးဝိစာရ အိမ်ရာ ဒဂုံက ငွေကျပ် တစ်သိန်း၊ ဦးချစ်တင်အား ရည်စူး၍ ဒေါ်စန်းစန်းနှင့် ကိုဦး-မမီးမီး၊ ကိုဝင်း-မစပယ်၊ မြေး မောင်ဖုးမော်ဦး ကျိုက္ကဆံလမ်းတာမွေက ငွေကျပ် တစ်သိန်း၊ (ဦးသောင်းဖေ)- ဒေါ်ထွေးကြည် မိသားစု မင်္ဂလာတောင်ညွန့် က ငွေကျပ်နှစ်သိန်း၊ ဦးအောင်ကြည်- ဒေါ်စန်းစန်းဝင်းမိသားစု မင်္ဂလာတောင် ညွန့်က ငွေကျပ်တစ်သိန်းတို့ကို အသီးသီး လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လို ပါက ဖုန်း-၀၁-၅၄၁၈၆၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ
	ရာထူး၊ ဌာန
(က) ဦးခင်မောင်ဆယ်	ဦးဆောင်ညွှန်ကြားရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာန
(ခ) ဒေါက်တာအေးမောင်ဟန်	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၁) ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၁

ဒဂုံမြို့သစ် (မြောက်ပိုင်း) (၁၆) ရပ်ကွက် မိုးညှင်းသိင်္ဂီကျောင်းတိုက် ဦးစီးပဓာနနာယက ပိုင်းလော့ဆရာတော် ဘဒ္ဒန္တဇေယျပဏ္ဍိတ၏ ဩဝါဒနှင့်အညီ ဝိပဿနာတရားစခန်းကို စက်တင်ဘာ ၆ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ဓမ္မမိတ်ဆွေများ ဩဂုတ် ၃၁ရက် နောက်ဆုံးထား စာရင်းပေးသွင်းကြရန်နှင့် စက်တင်ဘာ ၅ရက် ညနေ လာရောက်ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၀၂)ကြိမ်မြောက်အစည်းအဝေးကို ဩဂုတ် ၁၈ရက်က နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြကာ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများက ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အင်တိုက် အားတိုက်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ်များအားလုံးသည် ဝန်ကြီးဌာနနှင့် လက်တွဲပြီး နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုမြင့်မားစေရန် နည်းမှန်၊ လမ်းမှန် အင်တိုက် အားတိုက် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားရာတွင် ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း ရိုးဖြောင့်မှန်ကန်စွာဖြင့် တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဌာနတာဝန်ခံများ အနေဖြင့် လုပ်ငန်းအောင်မြင်မှုများ ရရှိစေရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသွားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူတို့ကလုပ်ငန်းကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား/သူဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို စက်တင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၇နာရီခွဲမှ ၉နာရီခွဲအထိ ရွှေမန်းကျောင်းဆရာတော်နှင့် သံဃာတော်များအား ကပ်လှူပူဇော်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများသည် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၂၀၃၃၀၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၃၈၅၄၅၈၊ ဦးမြင့်လွင်ခိုင် ဖုန်း-၃၇၄၈၅၀၊ ဦးထွန်းဝင်း ဖုန်း-၀၉-၅၁-၂၉၀၅၂၊ ၅၃၉၅၁၉၊ ဦးစောဝင်း ဖုန်း-၃၉၄၈၂၄၊ ၃၉၃၀၅၁၊ ဦးစတန်လီကိုကိုကြီး ဖုန်း-၅၅၉၆၀၃၊ ဦးလှဝေ-ဒေါ်ဌေးဌေးရင် ဖုန်း-၂၉၁၂၅၅၊ ဦးဝင်းရှိန်-ဒေါ်စိုး ဖုန်း-၅၁၁၁၀၇၊ ဒေါ်မူမူခင် ဖုန်း-၅၃၄၁၃၃၊ ဦးကျော်-ဒေါ်ခင်မိုးမိုးညွန့် ဖုန်း-၅၇၇၉၄၉၊ ဦးသိန်းဝင်း ဖုန်း-၅၀၄၁၁၇၊ ဦးသိန်းထွန်း ဖုန်း-၀၉-၉၉-၇၁၈၃၄ နှင့် ဦးမောင်မောင်ဦး (ဟိန်းလတ်)ဖုန်း-၀၉-၅၁-၅၈၅၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ယူရို ၃၃၈၉၀၈

ဩဂုတ် ၁၉ရက်က စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရေနံဓာတ်ငွေ့ရည်စက်ရုံ-မင်းဘူး)၊ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)နှင့် သန်လျင်ရေနံချက်စက်ရုံ ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၁၅၀၀၀၀၊ ဒေါက်တာခိုင်မိုးနှင့် ဒေါက်တာသီတာစံမိသားစု မရမ်းကုန်းမြို့နယ်က ဒေါက်တာသီတာစံ မွေးနေ့အလှူအဖြစ် လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)မှတစ်ဆင့် ဒေါ်ခင်ညွန့် (ပြည်မြို့)က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဩဂုတ် ၂၀ရက်က ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တစ်ဆင့် ငွေကျပ် ၂၁၆၄၈၈၆၅၊ ဦးသာထွန်း သုမင်္ဂလာအိမ်ရာ သဃ်န်းကျွန်းမြို့နယ်က ငွေကျပ်ငါးသောင်းနှင့်၊ ဩဂုတ် ၂၁ရက်တွင် ဒေါက်တာ ဦးစိုးသန်းနှင့်ဗိုလ်မှူး ဒေါ်ခင်ခင်(ငြိမ်း) မိသားစု တောင်ဥက္ကလာပက ငွေကျပ် ၆၆၀၀၀၀၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်း မိသားစုများက လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂သိန်း၊ Ministry of Finance of Azerbaijan မှတစ်ဆင့်ယူရို ၃၃၈၉၀၈ တို့ဖြစ်သည်။

စုစုပေါင်း

ဩဂုတ် ၁၉ရက်မှ ၂၁ရက်အထိ လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ၂၅၉၀၈၈၆၅ကျပ်နှင့် ယူရို ၃၃၈၉၀၈တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ဆန်းမိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၁

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇)တွင်(၁၁၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ၁၀ရက် တရားစခန်းဖွင့်ပွဲကို ဩဂုတ် ၁၉ရက်က ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရွှေမပရိယတ္တိစာသင်တိုက်ကြီး၏ မဟာပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီးက ဩဝါဒကထာမြွက်ကြား ဖွင့်လှစ်ပေးပြီး မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နာယက အောင်ဆန်းမိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာနနာယက သထုံမြို့ နန္ဒဝံကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲ၏ ပဓာနနာယက ပြည်တွင်း ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သုမြတ်က မိုးကုတ်ဝိပဿနာပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များကို ဟောကြားပြသတော်မူရာ ယောဂီ၇၉၀တရားစခန်းဝင်ရောက်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

The Live News ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၁

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၉၄)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ မြန်မာတို့၏ ၅၅၀၊ မြင်းမူမောင်နိုင်မိုး၏ မတင့်တယ်ခြင်းအကြောင်းရင်း၊ လိမ္မာသူနှင့် မိုက်မဲသူ၊ နီမင်းဆွေ၏ အရှေ့ကနေဝန်း ထွက်သည့်ပမာ၊ ကိုကိုလှိုင်၏ အသွင်ကွဲသည့် ပြိုင်ပွဲကြီးနှစ်ခု၊ ဦးကို၏လမ်းပေါ်က အတွေးများ (၁၈)သုံးတောင်ဝတ် ယာဉ်မောင်းများ-၂၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည်ရခဲ့တဲ့ လမ်း/ရပ်ကွက်/ဈေးနဲ့ပန်းခြံများ(၂)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အပိုင်း(၂)၊ မမ၏ ရှမ်းမြောက်ဒေသမှာလွှမ်းမိုးလာမယ့် မက္ကဒေးမီးယား (သို့မဟုတ်) အုန်းဆန်ဆိမ့်၊ ဒေါက်တာဝင်းလေး(တောင်ကြီး)၏ မှတ်ဉာဏ်ကောင်းအောင်လုပ်ကြစို့၊ EC ရဲ့ ပညာဒါနထာဝရအလှူတော်၊ ကားခိုးယူမောင်းနှင်ခဲ့သူတစ်ဦးအား ဖမ်းဆီးစစ်ဆေးရာမှ ရက်ပိုင်းအတွင်း ကျူးလွန်ခဲ့သော ခိုးမှုပါဖော်ထုတ်နိုင်ခဲ့၊ တရုတ်နိုင်ငံ အနောက်မြောက်ဒေသတွင် ဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွား၊ မျိုးဆက်တစ်ခုအတွင်း လူမျိုးစုအချိုးအစားပြောင်းလဲသွားတော့မည့် အမေရိကန်၊ အမိမြေကို မလွဲသာခွဲခွာကာ တရားခံပြေးကြီးဖြစ်သွားရရှာသည့် သက်ဆင်၊ အိုစမာဘင်လာဒင်ကို အကြမ်းဖက်ခေါင်းဆောင်မှန်းမသိသူ ယာဉ်မောင်းသမားအား ပြစ်ဒဏ်ချမှတ်၊ ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း (၉၇၊၉၈၊၉၉-ဇာတ်သိမ်းပိုင်း)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၂၃၊ ၂၄)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း(၂၄၊၂၅)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

မှာယူဖတ်ရှုနိုင်

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ်၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပန်းတနော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ထူးချွန်ဆုချီးမြှင့်၊ ပညာသင်ထောက်ပံ့ပေးအပ်

ရန်ကုန် ဩဂုတ် ၂၁

ပန်းတနော်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၀၈-၂၀၀၉ခုနှစ် ပညာရည်ထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ဩဂုတ် ၁၆ရက် နံနက် ၉နာရီက စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဒေါ်မာမာသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချိုအေး(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးအောင်သင်း(ငြိမ်း)၊အတွင်းရေးမှူး ဗိုလ်ကြီးမျိုးမြင့်(ငြိမ်း)နှင့် အမှုဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏သားသမီးများတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒေါ်မာမာသန်းက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချိုအေး(ငြိမ်း)က ပညာသင်ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပညာရည်ချွန်ဆု

ထို့နောက် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးတစ်ဘာသာရ ပညာရည်ထူးချွန်ဆုရသည့် ကျောင်းသားမောင်ဝေဇင်အား အတွင်းရေးမှူး ဒေါ်မာမာသန်းက စစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စား ကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ စစ်မှုထမ်းဟောင်း သား၊ သမီးများအား အထက်တန်းအဆင့်ငွေကျပ်ငါးထောင်၊ အလယ်တန်းအဆင့် ငွေကျပ်လေးထောင်နှင့် မူလတန်းအဆင့်ငွေကျပ်သုံးထောင် စုစုပေါင်းငွေကျပ်ငါးသိန်းကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များက ထောက်ပံ့ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

စိုက်ပါ စားပါ အရသာမတူ မြတ်ပီတိ

အရှေ့တောင်အာရှ ခြောက်နိုင်ငံ ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်မှုပြုလုပ်ခဲ့

စင်ကာပူ ဩဂုတ် ၂၁

အရှေ့တောင်အာရှမှ ခြောက်နိုင်ငံတို့ ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံမှုနှင့် အကြမ်းဖက်နှိမ်နင်းရေးအတွက် ပူးပေါင်းစစ်ရေး လေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ပူးပေါင်းလေ့ကျင့်

အရှေ့တောင်အာရှနိုင်ငံများ၏ ပင်လယ်ရေကြောင်း အကြမ်းဖက်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု (အက်စ်အီးအေစီအေတီ)ကို ၂၀၀၂ခုနှစ်မှစတင်ကာ နှစ်စဉ် ပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် ဩဂုတ်၁၈ရက်မှ ၂၀ရက်အထိ စင်ကာပူနိုင်ငံ၌ ပူးပေါင်းလေ့ကျင့်မှုပြုလုပ်ခဲ့ကြသည်။

တားဆီးကာကွယ်

ယင်းပူးပေါင်းလေ့ကျင့်မှုတွင် စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ပါဝင်ပြီး ရေကြောင်းဆိုင်ရာ သတင်းဆက်သွယ်ပေးပို့မှု၊ လုံခြုံရေးဆိုင်ရာ တားဆီးကာကွယ်မှုနှင့် စစ်ရေးလေ့ကျင့်မှုများ ပါဝင်သည်။

အဆိုပါရေကြောင်းလေ့ကျင့်မှုတွင် ခြောက်နိုင်ငံမှ ကမ်းရိုးတန်းလုံခြုံရေး တပ်ဖွဲ့များ၊ ပင်လယ်ဆိပ်ကမ်းအာဏာပိုင်တပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်ရိုးရာလက်မှုပြပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ သတင်းစင်တာ၌ (၅)ကြိမ်မြောက် တရုတ်ရိုးရာ လက်မှုပညာပြပွဲ၌ နဂါးပုံသဏ္ဌာန်စွန်များ ပြုလုပ်၍ ခင်းကျင်းပြသထားသည်ကို ဩဂုတ်၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆမ်ဆောင်း အီလက်ထရွန်နစ်ဈေးကွက် ကမ္ဘာ့ထိပ်ဆုံးအဆင့်သို့ရောက်ရှိ

ဆိုးလ် ဩဂုတ် ၂၁

တောင်ကိုရီးယားနိုင်ငံ၏ ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီ၏ အရောင်းဈေးကွက်သည် ယခုနှစ်ပထမနှစ်ဝက်အတွင်း ကမ္ဘာ့ဈေးကွက်၌ ထိပ်ဆုံးနေရာ၌ရှိကြောင်း ဟွန်ဟပ်သတင်းအေဂျင်စီက ပြောကြားသည်။

ဈေးကွက်

၄င်းကုမ္ပဏီမှ ထုတ်လုပ်သည့် မှတ်ဉာဏ်ပြား **(ယာပုံ)** ထုတ်လုပ်ရောင်းချမှုသည် ယခုနှစ်အစောပိုင်းကာလ၌ အမေရိကန်ဒေါ်လာ ၇ဒသမ ၅၁ဘီလီယံ ဝင်ငွေရရှိရာ ဈေးကွက်အတွင်း ၃၀ရာခိုင်နှုန်း ရောင်းချနိုင်ခဲ့သည်။

လာမည့် ဒုတိယနှစ်ဝက် အတွင်း၌ အမေရိကန်ဒေါ်လာ ၁ဒသမ၄၂ဘီလီယံရရှိရန် မျှော်မှန်းထားရှိပြီး ယခုနှစ်အတွင်း ၄၂ဒသမ၃ရာခိုင်နှုန်း ဈေးကွက်အတွင်း ထိုးဖောက်နိုင်သည်။

အရည်အသွေး

ဆမ်ဆောင်း မှတ်ဉာဏ်ပြားသည် အသုံးပြုနိုင်သည့် စွမ်းရည်ကောင်းမွန်ခြင်း၊ အရည်အသွေး မြင့်မားခြင်းတို့ကြောင့် အသုံးပြုရာတွင် အကျိုးသက်ရောက်မှုရှိကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်ရှိ အယ်လ်ခိုင်ဒါနှင့်ဆက်သွယ်သည့် စစ်သွေးကြွများ အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့က ဖမ်းဆီးမှုပြုလုပ်နေ

ဘဂ္ဂဒက် ဩဂုတ် ၂၁

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသည့် ဆွန်နီစစ်သွေးကြွများ ဖရိုဖရဲဖြစ်အောင် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆင်ရေးဆင်ပြီး ဖမ်းဆီးမှုများပြုလုပ်လျက်ရှိကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဖမ်းဆီး

တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၇ရက်နှင့် ၁၈ရက်များက ဝင်ရောက် စီးနင်းတိုက်ခိုက်မှု သုံးလေးကြိမ်ပြုလုပ်ခဲ့သည်။ မြောက်ပိုင်း မိုဆူးလ်မြို့မှနှစ်ဦး၊ ဘေဂျီမြို့မှတစ်ဦးကို ဖမ်းဆီးသည့် တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့တော်မှ ရှစ်ဦးအား ဖမ်းဆီးလိုက်သည်။

အသေခံဗုံးခွဲ

ဘဂ္ဂဒက်မြို့ ဆွန်နီရပ်ကွက်အတွင်း လူပေါင်း ၁၅ဦး သေဆုံးစေသည့် အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီး နောက်တစ်ရက်တွင် အမေရိကန်စစ်ဘက်က အထက်ပါအတိုင်း ကြေညာခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၁၄၄ ဦး ရှိသွားပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံတောင်ပိုင်း စစ်စခန်းကို ဩဂုတ်၁၉ရက်က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

တိုက်ခိုက်

ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၃၇၀ခန့်အကွာ အမရာမြို့အနီး ရှေ့တန်းတပ်စခန်းကို သူပုန်တို့က တိုက်ခိုက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး ထိမှန် သေဆုံးခြင်းဖြစ်သည်။

ချေမှုန်း

အခင်းဖြစ်ဒေသမှာ ရှီးယိုက်ပြည်သူ့စစ်များကို အီရတ်လုံခြုံရေး တပ်များက လိုက်လံချေမှုန်းသည့် နေရာဖြစ်သည်။

ကျူးကျော်

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ ၂၀၀၃ခုနှစ် မတ်လတွင် စတင် ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၁၄၄ ဦး ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီဂျစ် ပါလီမန်အဆောက်အအုံ မီးလောင်မှုဖြစ်ပွား

ကိုင်ရို ဩဂုတ် ၂၁

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်ရှိ ပါလီမန်အဆောက်အအုံ၌ ဩဂုတ်၁၉ရက်က မီးလောင်ခဲ့သဖြင့် အနည်းဆုံး ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း အရာရှိများက ပြောကြားသည်။

ဝိုင်ယာရှော့ဖြစ်

မည်သည့်အတွက် မီးလောင်သည်ကို မသိရသေးသော်လည်း လျှပ်စစ်ကြိုးမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ခြင်းဖြစ်နိုင်သည်ဟု ဆိုသည်။ ဆေးရုံရောက်လာသူ အများစုမှာ မီးခိုးမွန်းကျပ်မှုနှင့် ဒဏ်ရာအနည်းငယ်ရရှိသူများ ဖြစ်ကြသည်။ (အင်တာနက်)

မြန်မာ့အလင်း အာရှနိုင်ငံများ၏ မော်တော်ကားထုတ်လုပ်မှု သတင်းပဒေသာ ၂၁-၈-၂၀၀၈

ဟွန်ဒိုင်းကုမ္ပဏီ၏ ပြည်ပသို့ ကားတင်ပို့မှု ဈေးကွက်ကျဆင်း

ဆိုးလ် ဩဂုတ် ၂၁

တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီ၏ ယခုနှစ်အစောပိုင်းတွင် ပြည်ပတင်ပို့မှုလုပ်ငန်း၌ ၆ဒသမ၆ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့သော် ပြည်တွင်းအရောင်းဈေးကွက်၌ ဇူလိုင်လအတွင်း ၅ဒသမ၁ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ၄င်းနိုင်ငံ စက်မှုလုပ်ငန်းအဖွဲ့က ပြောကြားသည်။

ဟွန်ဒါကားသစ် မလေးရှား၌ ရောင်းအားကောင်း

ကွာလာလမ်ပူ ဩဂုတ် ၂၁

မလေးရှားနိုင်ငံ၌ ဟွန်ဒါကား **(အောက်ပုံ)**အမျိုးအစားသစ်ကို ၂၀၀၈ခုနှစ်အတွင်း စီးရေ ၃၅၀၀၀ရောင်းချနိုင်လိမ့်မည်ဖြစ်ကြောင်း ကွာလာလမ်ပူအခြေစိုက် ဟွန်ဒါကား ထုတ်လုပ်ရေးလုပ်ငန်းခွဲက ပြောကြားသည်။ စက်သုံးဆီ ကုန်ကျမှုသက်သာသည့် နည်းပညာများကို အသုံးပြု ထားသည့်အတွက် ဝယ်ယူသူအများစုကို ဆွဲဆောင်နိုင်ခဲ့ကြောင်း၊ ဟွန်ဒါကားသစ်တစ်စီးလျှင် မလေးရှားနိုင်ငံသုံးငွေ ရင်းဂစ် ၁၀၉၈၀၀ နီးပါး ရှိကြောင်း သိရသည်။

ဟွန်ဒါ၊ တိုယိုတာနှင့် ဟွန်ဒိုင်းကုမ္ပဏီတို့ အာရှကား ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်

တိုကျို ဩဂုတ် ၂၁

ဂျပန်နိုင်ငံမှ ဟွန်ဒါမော်တော်ကားကုမ္ပဏီနှင့် တိုယိုတာမော်တော်ကားကုမ္ပဏီ၊ တောင်ကိုရီးယားနိုင်ငံမှ ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီတို့သည် ယခုနှစ်ဒုတိယနှစ်ဝက်အတွင်း မော်တော်ကားသစ်များ ထုတ်လုပ်လျက် အာရှဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်မည် ဖြစ်သည်။

အိန္ဒိယကားလုပ်ငန်း ၂၀၁၂ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်မည်

နယူးဒေလီ ဩဂုတ် ၂၁

ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှု အဆင့်၁၀၌ ရောက်ရှိနေသော အိန္ဒိယနိုင်ငံ အနေဖြင့် လာမည့် ၂၀၁၂ခုနှစ်အရောက်တွင် ကမ္ဘာ့ထိပ်တန်းကားထုတ်လုပ်သည့် နိုင်ငံတစ်ခုအဖြစ်သို့ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နောင်လာမည့်ငါးနှစ်အတွင်း အိမ်စီးကားသစ် ဒီဇိုင်းမျိုးစုံကို ကမ္ဘာ့ကားဈေးကွက်အတွင်း ဖြန့်ဖြူးနိုင်လိမ့်မည်ဖြစ်ကြောင်း အိန္ဒိယ ကားထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့က ပြောကြားသည်။

(ကိုးကား-အင်တာနက်၊ ဆင်ဟွာ)

ဂျပန်၌ နှစ်ထပ်ကားသစ်များပြေးဆွဲ

တိုကျို ဩဂုတ် ၂၁

ဂျပန်နိုင်ငံ၏ အကြီးဆုံးကျွန်းကြီးဖြစ်သည့် ဟွန်ရှူကျွန်းရှိ ရှီမိုနိုစီကီမြို့၌ လမ်းပိတ်ဆို့မှု ကင်းရှင်းစေရန်နှင့် အသွင်သစ်အမြင်သစ်များဖြစ်စေရန်ရည်ရွယ်၍ မြို့တွင်း ပြေးဆွဲရန်အတွက် နှစ်ထပ်ကားသစ်**(အပေါ်ပုံ)**များကို စတင် ပြေးဆွဲလျက်ရှိသည်။ ယင်း နှစ်ထပ် ဘတ်စ်ကားများမှာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်တွင် ပြေးဆွဲလျက်ရှိသည့် ရုဒ်မာစတာဘတ်စ်ကား အမျိုးအစားဖြစ်သည်။

တောင်ကိုရီးယားသို့ ပြည်ပမှကားများ ပိုမိုတင်သွင်း

ဆိုးလ် ဩဂုတ် ၂၁

တောင်ကိုရီးယားနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် မော်တော်ကားသစ်များပိုမိုတင်သွင်းလာလျက်ရှိရာ ယခုနှစ်ပထမခြောက်လအတွင်း တောင်ကိုရီးယားနိုင်ငံတစ်ဝန်းလုံးသို့ မော်တော်ကား ၁၄၁၁၃၃စီး တင်သွင်းခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၁၀ဒသမ၂ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ မြို့တော် ဆိုးလ်တစ်မြို့တည်းပင် ကားစီးရေ ၁၄၃၈၈စီး တင်သွင်းခဲ့ကြောင်း သိရသည်။

အာကာသသိပ္ပံ



လဂြိုဟ်လေ့လာရေး အာကာသယာဉ် သတ်မှတ်ချိန်ထက် စောလွှတ်တင်နိုင်မည်

လဂြိုဟ်သို့ စေလွှတ်မည့်အာကာသဒုံးပျံယာဉ်၏ အင်ဂျင်အစိတ်အပိုင်းတစ်ခု ပြင်ဆင်ပြီးပါက သတ်မှတ်ထားသည့် အချိန်ထက်ပိုမိုစောစွာ လွှတ်တင်နိုင်မည်ဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

အေရက်စ်-၁ ဒုံးပျံ

အဆိုပါ အာကာသယာဉ်၌ ချွတ်ယွင်းမှုဖြစ်နေသော သတ္တုပြားလေဝင်ပေါက်ကိုလည်း ပြန်လည်ပြင်ဆင်ပြီး ဖြစ်သည်။ နာဆာအဖွဲ့အနေဖြင့် လဂြိုဟ်လေ့လာရေး အာကာသယာဉ်ကို သယ်ဆောင်သွားမည့် အေရက်စ်-၁ ဒုံးပျံမှာလည်း မူလအတိုင်း အာကာသယာဉ်ကို သယ်ဆောင်သွားရန် အသင့်ဖြစ်လျက်ရှိသည်။

ရွေးချယ်မည်

နာဆာအဖွဲ့အနေဖြင့် အေရက်စ်-၁ ဒုံးပျံကို အင်္ဂါဂြိုဟ်နှင့် နိုင်ငံတကာအာကာသယာဉ်စခန်းများသို့ လွှတ်တင်မည့် နောက်ထပ် အာကာသယာဉ်များအတွက်လည်း အေရက်စ်-၁ ဒုံးပျံအမျိုးအစားကိုသာ ရွေးချယ်အသုံးပြုသွားမည်ဖြစ်သည်။

နိုင်ငံတကာယာဉ်စခန်းသို့ လွှတ်တင်ခဲ့သည့် ဒုံးပျံများအနက် အေရက်စ်-၁ ဒုံးပျံသည် အာကာသယာဉ်မှူးများအတွက် အဆင်ပြေပြီး အာကာသယာဉ်များအတွက်လည်း အသင့်တော်ဆုံးဖြစ်ကြောင်း သိရသည်။

ဘဝအမောပြေ

သြော် အလုပ်....

ကုမ္ပဏီတစ်ခုတွင် အလုပ်ချိန် ဝင်ချိန်အမြဲတမ်းနောက်ကျရောက်ပြီး အိမ်ပြန်ချိန် စော၍ ပြန်တတ်သည့် ဝန်ထမ်းတစ်ဦးအား မန်နေဂျာက ခေါ်ယူသတိပေးလေသည်။

မန်နေဂျာ ။ ။ အလုပ်ဝင်ချိန်နောက်ကျပြီး ပြန်ချိန်ကျတော့ စောနေတယ်။

ဝန်ထမ်း ။ ။ ဟုတ်ကဲ့ ပြင်ပါ့မယ်။

မန်နေဂျာ ။ ။ နေ့လယ်မှာလည်း လက်ဖက်ရည်သောက်ချိန်၊ ထမင်းစားချိန်၊ စကားပြောချိန်တွေကများပြီး အလုပ်ချိန်က နည်းနည်းပဲရှိနေတယ်။ ပြင်ပါ။

ဝန်ထမ်း ။ ။ ဟုတ်ကဲ့ပါ။

မန်နေဂျာ ။ ။ တစ်နှစ်လုံးမှာ ခင်ဗျားအလုပ်ချိန် နည်းနည်းလေးပဲရှိနေတယ်။ ဒါကြောင့်...မနက်ဖြန်က တစ်နှစ်လုံးရဲ့ နောက်ဆုံးနေ့ပဲ ၈နာရီအပြည့် အလုပ်လုပ်ရမယ်။

ဝန်ထမ်း ။ ။ မနက်ဖြန် ကျွန်တော့်နားရက်ပါ ဆရာ။

မန်နေဂျာ ။ ။ "ဟေ"

သူတို့ အတွေးနှင့်အမြင်

* *Preparation is half of the battle, and nothing is lost by being on one's guard.*

ကြိုတင်ပြင်ဆင်ထားခြင်းသည် တိုက်ပွဲတစ်ဝက် အောင်နိုင်ခြင်းဖြစ်သည်။ သတိရှိခြင်းကြောင့် အကျိုးယုတ်သွားသည့် အရာဟူ၍မရှိပေ။

ဆာဗန်တီးစ်
(စပိန်လူမျိုးစာရေးဆရာ)

---

* *Wealth is a good servant, a very bad mistress.*

ဥစ္စာနေသည် အစေအပါးကောင်းတစ်ဦးသဖွယ်ဖြစ်ပြီး ဆိုးညစ်သော အိမ်ရှင်မတစ်ဦးလည်း ဖြစ်သည်။

ဖရန့်စစ်ဘေကွန်
(အင်္ဂလိပ်လူမျိုး အတွေးအခေါ်ပညာရှင်၊ စာရေးဆရာနှင့် နိုင်ငံရေးသမား)

အာဖဂန်၌ အကြမ်းဖက်သမားများအား လေကြောင်းမှတိုက်ခိုက်

ကဘူးလ် ဩဂုတ် ၂၁

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကိုဟော့ပြည်နယ်၌ ဩဂုတ်၂၀ရက်က လေကြောင်းမှ တိုက်ခိုက်မှုဖြစ်ပွားသဖြင့် အကြမ်းဖက်သမား ကိုးဦးသေဆုံးကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့မှ ပြောကြားသည်။

ပစ်မှတ်ထား

ယင်းနေ့နံနက်ပိုင်းက အယ်လ်ရှီရာဒေသရှိ လမ်းတည်ဆောက်ရေး ကုမ္ပဏီမှ အလုပ်သမားများအား ပစ်မှတ်ထားလျက် အကြမ်းဖက်သမားများက တိုက်ခိုက်လျက်ရှိရာ နိုင်ငံစုံတပ်ဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သည်။

အသေခံ

ဩဂုတ် ၁၈ရက်က ကိုဟော့ပြည်နယ်၌ နိုင်ငံစုံတပ်ဖွဲ့ဝင်များ အခြေစိုက်စခန်းကို ပစ်မှတ်ထားလျက် တာလီဘန်လက်နက်ကိုင်များက အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်လျက်ရှိရာ အာဖဂန်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံး၍ အခြား ၁၃ဦးဒဏ်ရာရရှိပြီး ဩဂုတ် ၁၉ ရက်တွင် ဒုတိယအကြိမ် ထပ်မံဗုံးဖောက်ခွဲ တိုက်ခိုက်သည်။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ သောင်းကျန်းသူတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူ ၃၀၀၀ ကျော် သေဆုံးခဲ့သည်။ **(အင်တာနက်)**

ခုနစ်မြွှာပူး မွေးဖွား

အီဂျစ်နိုင်ငံ ကမ်းရိုးတန်းမြို့ ဖြစ်သည့် အလက်ဇန်းဒါရာမြို့ရှိ ဆေးရုံတွင် ၂၇နှစ်အရွယ် ဂါဇာလာခါမီးဆိုသည့် အမျိုးသမီးတစ်ဦး မွေးဖွားခဲ့သည့် ခုနစ်မြွှာပူးကလေးငယ်များအား ကျန်းမာရေး ဝန်ထမ်းများက ပြုစုစောင့်ရှောက်လျက်ရှိသည်ကို ဩဂုတ်၂၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်ဟောင်း လူသတ်မှုဖြင့် တရားရုံး၌ရင်ဆိုင်

ဝါရှင်တန် ဩဂုတ် ၂၁

အီရတ်နိုင်ငံ ဖလူဂျာမြို့၌ ဖမ်းဆီးထားသော လက်နက်မဲ့ အီရတ်များကို သတ်ဖြတ်မှုဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်ဟောင်း တစ်ဦးကို အမေရိကန်အရပ်ဘက်တရားရုံးက အမှုဖွင့်လိုက်သည်။

ငြင်းဆို

တရားစွဲခံရသူ မရိန်းတပ်ဖွဲ့ဝင်ဟောင်းမှာ ဟိုဆေးလူဝီနာဇာရီကို ၂၈နှစ်ဖြစ်ပြီး ၂၀၀၄ခုနှစ်က ယင်းအမှုနှင့်ပတ်သက်၍ သူ့အပေါ် စွဲချက်များကို ငြင်းဆိုသည်။

ပထမဆုံး

စစ်တပ်တွင် တာဝန်ထမ်းဆောင်စဉ်အတွင်း ကျူးလွန်ခဲ့သော ပြစ်မှုအတွက် အမေရိကန်တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးကို အမှုဖြင့် စစ်ဆေးခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။ ၂၀၀၆ ခုနှစ်က တပ်မှထွက်ခဲ့သူ မစ္စတာနာဇာရီကိုအနေဖြင့် ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၁၀နှစ်အထိ ကျခံနိုင်ဖွယ်ရှိသည်။

(အင်တာနက်)

ဆီးအတွင်း အာဆင်းနစ်ဓာတ် ပါဝင်မှုများပါက ဆီးချိုရောဂါ ဖြစ်ပွားနိုင်

အင်တာနက်ကျန်းမာရေး

ဆီးအတွင်း အာဆင်းနစ် (စိန်) ဓာတ် ပါဝင်မှုနှုန်းမြင့်ပါက ဆီးချိုရောဂါ ဖြစ်ပွားစေနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက သတိပေးလိုက်သည်။

အာဆင်းနစ်ဓာတ် ပါဝင်မှုများသော သောက်ရေများကို သောက်သုံးခြင်းသည် ဆီးအတွင်း အာဆင်းနစ်ပါဝင်မှုအနေအထား မြင့်မားလာခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွားမှု ပိုမိုမြန်ဆန်စေကြောင်း ၎င်းတို့က ပြောကြားသည်။

ပျက်စီးမှုများ

သောက်ရေသန့်များနှင့် အချို့သော သောက်သုံးရေများတွင် အာဆင်းနစ်ဓာတ်ပါဝင်မှု များနေတတ်ရာ ယင်းသို့ သောက်သုံးရေများကို သောက်သုံးပါက ခန္ဓာကိုယ်အတွင်း၌ အာဆင်းနစ်ခေါ် စိန်ဓာတ်များကြောင့် သွေးနှင့်ဆီးအတွင်း ဓာတ်ပျက်စီးမှုများဖြစ်ပေါ်ပြီး ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနိုင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အာဆင်းနစ်ဓာတ်ဆိုသည်မှာ စိန်၊ ဗရိမိုက်နှင့် အောက်ဆိုဒ်ဓာတ်များ ပေါင်းစည်းဖြစ်ပေါ်သည့် အကျိုးပြုဓာတ်တစ်မျိုးဖြစ်သော်လည်း သာမန်ထက်များပါက ပြင်းထန်သော အဆိပ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ ဆိုသည်မှာ....

သတင်းအက်ဆေး

တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်၏ တောင်ဘက်အစွန်းဆုံးဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ၌ ဘာသာစကား၁၁မျိုးကို ရုံးသုံးဘာသာအဖြစ် အသိအမှတ်ပြုမှု၊ အုပ်စုခေါင်းဆောင်များတွင် ဂျူးဓမ္မဆရာများ၊ မျိုးနွယ်စုအကြီးအကဲများ၊ ရက်ကီဘောလုံးသမားများ ပြန်လည်ရောက်ရှိလာသည့် ပြည်ပြေးများပါဝင်မှု၊ မြေအိမ်မှသည် ရေကူးကန်ပါရှိသော နန်းတော်အား ခမ်းနားထည်ဝါသည့် နေအိမ်များအဆုံး လူနေအိမ်အမျိုးအစားစုံလင်မှုတို့ကြောင့် ဤနိုင်ငံသည် မည်သည့်နိုင်ငံနှင့်မျှမတူသည့် ထူးခြားသော အင်္ဂါရပ်နှင့်ပြည့်စုံသည့် နိုင်ငံဖြစ်သည်။

အချိန်ကြာသောင်း

သို့သော်အမျိုးမျိုးကွဲပြားနေသော အုပ်စုများအနေဖြင့် နိုင်ငံတော်အဆင့်တွင် အချိန်ကြာသောင်းစွာ ကိုယ်စားပြုနိုင်ခြင်းမရှိပေ။ ဤနိုင်ငံကို ၁၉၉၄ ခုနှစ်အထိ လူဖြူလူနည်းစု အုပ်စိုးခဲ့သည်။

၁၉၄၈ခုနှစ်တွင် စတင်အာဏာရလာသော လူဖြူအစိုးရသည် အသားအရောင်ခွဲခြားရေးဝါဒ (အပ့ါသိုက်)ကို ကျင့်သုံးပြီး နေထိုင်ရာတွင်လည်းကောင်း၊ ခရီးသွားရာတွင်လည်းကောင်း၊ နောက်ဆုံးအလှည့်ကျ တန်းစီစောင့်ဆိုင်းရာတွင်လည်းကောင်း လူဖြူနှင့်လူမည်းကို ခွဲထားသည်။

၄ရာစုတွင် ဘန်တူစကားပြောအုပ်စုများသည် ဒေသခံတိုင်းရင်းသားဆန်နှင့် ခွိုင်ခွိုင်လူမျိုးများနှင့်အတူ ပူးပေါင်းနေထိုင်သည်။

သိမ်းယူ

၁၄၈၇ခုနှစ်တွင် ပေါ်တူဂီနယ်သစ်ရှာသူ ဗတ်စကိုဒဂါးမားက နက်တယ်ကမ်းခြေသို့ ဆိုက်ရောက်သည်။ ၁၇၉၅ ခုနှစ်တွင် ဗြိတိသျှတပ်များက ကိတ်ကိုလိုနီကို နယ်သာလန်နိုင်ငံလက်မှ သိမ်းယူသည်။ ၁၈၀၃ခုနှစ်တွင် ပြန်ပေးလိုက်ရပြီး ၁၈၀၆ခုနှစ်တွင် ဗြိတိသျှလက်ထဲအပ်လိုက်ရသည်။

၁၈၅၂ခုနှစ်တွင် ထရန်စ်ဗားလ်ကို ဗြိတိန်က အကန့်အသတ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်။ ၁၈၅၆ခုနှစ်တွင် ကိတ်ကိုလိုနီမှ နက်တယ်က ခွဲထွက်သည်။ ၁၈၅၀ ပြည့်လွန်နှစ်များတွင် ဘိုးဝါးများက ထရန်စ်ဗားလ်ကို သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ၁၈၆၇ခုနှစ်တွင် ကင်ဘာလီမှ စိန်တွေ့ရှိသည်။ ထရန်စ်ဗားလ်မှ ရွှေတွေ့ရှိသည်။

၁၈၈၀-၈၁ခုနှစ်တွင် ဘိုးဝါးသူပုန်တို့က ဗြိတိန်ကို ပုန်ကန်သဖြင့် ပထမအကြိမ် အင်္ဂလိပ်-ဘိုးဝါးစစ်ပွဲစတင်သည်။ ၁၈၉၉ခုနှစ်တွင် ဒုတိယအကြိမ်စစ်ပွဲစတင်သည်။

လွတ်လပ်ရေးရ

၁၉၁၂ခုနှစ်တွင် အမျိုးသားကွန်ဂရက်ပါတီကိုဖွဲ့သည်။ ထို့နောက် အာဖရိက အမျိုးသားကွန်ဂရက်(အေအင်န်စီ)ပါတီဖြစ်လာသည်။ ၁၉၁၄ခုနှစ်တွင် အမျိုးသားပါတီကို ထူထောင်သည်။ ၁၉၁၉ခုနှစ်တွင် အနောက်တောင်အာဖရိကနိုင်ငံ(နမီးဘီးယား)ကို တောင်အာဖရိကအုပ်ချုပ်မှုအောက်သို့ သွင်းလိုက်သည်။ ၁၉၉၀ပြည့်နှစ်တွင် နမီးဘီးယား လွတ်လပ်ရေးရသည်။

၁၉၄၈ခုနှစ်တွင် အမျိုးသားပါတီ(အင်န်ပီ)အာဏာရလာသောအခါ အသားအရောင် ခွဲခြားရေးမူဝါဒကို ချမှတ်ကျင့်သုံးသည်။ ၁၉၆၀ပြည့်နှစ်တွင် ဆန္ဒပြမှုများပေါ်ပေါက်သည်။ အေအင်န်စီပါတီကို မတရားအသင်းကြေညာသည်။ ၁၉၆၁ခုနှစ်တွင် ဓနသဟာယအဖွဲ့မှ နုတ်ထွက်သည်။ နယ်လ်ဆင်မန်ဒဲလားက အေအင်န်စီ၏ စစ်ရေးတာဝန်ကိုယူသည်။ ၁၉၆၄ခုနှစ်တွင် အေအင်န်စီခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလားအား တစ်သက်တစ်ကျွန်း ထောင်ဒဏ်အပြစ်ပေးသည်။

ထောင်မှလွှတ်ပေး

၁၉၈၉ခုနှစ် တောင်အာဖရိကသမ္မတ ပီဒဗလျူဘိုသာ၏ နေရာကို ဒီကလပ်က အစားထိုးတာဝန်ယူလိုက်သည်။ ဒီကလပ်က မန်ဒဲလားနှင့် တွေ့ဆုံသည်။ အေအင်န်စီ တက်ကြွလှုပ်ရှားသူများအား လွှတ်ပေးသည်။ ၁၉၉၀ပြည့်နှစ်တွင် မန်ဒဲလားအား ၂၇နှစ်ကြာ အကျဉ်းချခံထားရပြီးနောက် ထောင်မှလွှတ်ပေးလိုက်သည်။ ၁၉၉၁ခုနှစ် ပါတီစုံ ဆွေးနွေးပွဲစတင်သည်။

၁၉၉၄ခုနှစ်တွင် မန်ဒဲလား သမ္မတဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်ခွင့်ရသည်။ ၁၉၉၉ခုနှစ်ရွေးကောက်ပွဲတွင် အေအင်န်စီ ပါတီအနိုင်ရပြီး သာဘိုအမ်ဘီကီ သမ္မတဖြစ်လာသည်။ ၂၀၀၄ခုနှစ် ရွေးကောက်ပွဲ၌ အေအင်န်စီပါတီနိုင်ပြီး သာဘိုအမ်ဘီကီ ဒုတိယသက်တမ်း အတွက် သမ္မတဖြစ်လာသည်။

တိုက်ဖျက်

၂၀၀၃ခုနှစ် မေလတွင် နယ်လ်ဆင်မန်ဒဲလား၏ဆရာ ဝေါ့လတာဆီဆူလု ၉၁နှစ် ကွယ်လွန်သည်။ သူသည် အသားအရောင်ခွဲခြားမှုစနစ် တိုက်ဖျက်ရေး တိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်သူဖြစ်သည်။

အသားအရောင် ခွဲခြားမှုဝါဒချုပ်ငြိမ်းပြီးနောက် အထွေထွေရွေးကောက်ပွဲ သုံးကြိမ်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော်လည်း ပြဿနာများရှိနေဆဲ ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တရုတ်ပန်းသီးများ လှိုင်လှိုင်ဝင်၊ နာနတ်သီးနှင့် ကျွဲကောသီးများဈေးပေါ ငါး၊ ပုစွန်များ ဗဟိုစံပြငါးဈေးကြီးသို့ ပုံမှန်ဝင်ရောက်လျက်ရှိ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်) — စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြို့၏ အသီးအနှံစုံရောင်းချရာ ကုန်စည်လက်ကားဒိုင် တစ်ခုဖြစ်သော ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီးသို့ ဩဂုတ် ၁၈ရက်က ရောက်ရှိခဲ့သည်။ ဈေးကြီးအပြင်ဘက်တန်းတွင် ၁၀ ဘီးကုန်တင်ယာဉ်ကြီးများ၊ အအေးခန်း မော်တော်ယာဉ်ကြီးများနှင့် အခြားကုန်တင်ယာဉ်ကြီးများပေါ်မှ သယ်ချနေသော နာနတ်သီးများ၊ ပန်းသီးသေတ္တာများ၊ ကျွဲကောသီးများကို တွေ့ရသည်။

ကုန်အပြည့်အဝ ၁၀ ဘီးကားကြီး ပေါ်မှ သယ်ချနေသော ပန်းသီးသေတ္တာများကို တွေ့ရှိရသဖြင့် ဇေကမ္ဘာ သစ်သီးရောင်းဝယ်ရေးမှ တာဝန်ခံ ဦးမြင့်သန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ယခုဝင်ရောက်လာသောပန်းသီးများမှာ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်ဝင်ရောက်လာသော တရုတ်ပန်းသီးများဖြစ်သည်။ ပန်းသီးမှာ သုံးမျိုးရှိပြီး တရုတ်ပန်းသီး၊ ယိုးဒယားပန်းသီးနှင့် ပြည်တွင်းထွက် ချင်းတောင်ပန်းသီးတို့ဖြစ်သည်။ ဇွန်လလယ်မှ ဩဂုတ်လဆန်းအထိ တစ်လခွဲခန့်သာ ချင်းတောင်ပန်းသီးများ ရောက်ရှိပြီး ယခုအခါ ချင်းတောင်ပန်းသီးများ ဝင်ရောက်ခြင်း မရှိတော့ဟု သိရသည်။ ယိုးဒယားပန်းသီးများမှာ တစ်သေတ္တာ(တစ်ဖာ)လျှင် လုံးရေ အကြီးအသေးလိုက် ၇၂ လုံးမှ ၁၁၃ လုံးအထိ ကီလိုအားဖြင့် ကီလို ၂၀မှ ၂၅ကီလိုအထိရှိပြီး ကျပ် ၂၀၀၀၀မှ ၃၅၀၀၀အထိရှိရာ ပျမ်းမျှတစ်လုံးဈေး ကျပ်၂၅၀ မှ ၅၀၀ အထိရှိသည်။ ယခုရက်ပိုင်းအတွင်း တရုတ်ပန်းသီးများ လှိုင်လှိုင်ဝင်ရောက်နေသဖြင့် ယိုးဒယားပန်းသီးများ အဝယ်မလိုက်ဟု သိရသည်။

ဈေးကျလာ

တရုတ်ပန်းသီးများမှာ ငါးမြှောင်သီး၊ အကျွတ်သီး၊ အစိမ်းသီး၊ အဝါသီးဟု အမျိုးအစားခွဲခြားထားပြီး မြန်မာနိုင်ငံတွင်းသို့ ငါးမြှောင်သီးနှင့် အကျွတ်သီးများ အများဆုံးဝင်ရောက်နေသည်ဟု ဆိုသည်။ အလုံး အနည်းငယ်သေးပြီး တစ်သေတ္တာ (တစ်ဖာ)လျှင် လုံးရေ ၂၀၀မှ ၄၀၀အထိ ပါရှိကာ ကျပ် ၁၁၀၀၀ မှ ၁၅၀၀၀ အထိသာ ဈေးရှိသဖြင့် ပျမ်းမျှတစ်လုံး ကျပ် ၅၀မှ ၁၀၀ခန့်သာ ဈေးရှိသည်ဟု သိရသည်။ တရုတ်ပန်းသီးများမှာ ဈေးနှုန်းသက်သာ၍ အများပြည်သူ ဝယ်ယူစားသုံးနိုင်သဖြင့် အဝယ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ကားတစ်စီးလျှင် သေတ္တာ ၅၀၀-၆၀၀ ပါ ကားကြီးနှစ်စီးမှ သုံးစီး နေ့စဉ်ဝင်ရောက်နေသဖြင့် တရုတ်ပန်းသီးများလည်း ဈေးကျလာသည်ဟု သိရသည်။

နာနတ်သီး

နာနတ်သီးများမှာ ဇူလိုင်လမှစ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါတို့မှ အဝင်အများဆုံးဖြစ်သည်။ အအေးခန်း ကားကြီးများဖြင့် သယ်ယူလာသော်လည်း တဖြည်းဖြည်းမှည့်လာကာ ဈေးကျလာသည်ဟု သိရသည်။ ယခင်က တစ်လုံး ကျပ် ၈၀၀ ဈေးရှိသော နာနတ်သီးတစ်လုံးမှာ ယခုအခါ ကျပ်၃၅၀၊ ၄၀၀ခန့်သာ အရောင်းအဝယ်ရှိတော့ကြောင်း နာနတ်ကုန်သည်တစ်ဦးက ပြောပြသည်။

ကျွဲကောသီး

ကျွဲကောသီးများမှာ မော်လမြိုင်၊ မုဒုံ၊ ကျိုက်ထိုနှင့် တိုက်ကြီးမြို့တို့မှ ရထားတွဲများဖြင့် အိတ်များ၊ ခြင်းများနှင့်တင်ဆောင်ကာ ရောက်ရှိလာသည်။ ယိုးဒယားကျွဲကောသီးအချို့များလည်း ရှိသည်။ တိုက်ကြီး ကျွဲကောသီး အချဉ်သီး တစ်လုံးလျှင် ကျပ် ၄၀၀ မှ ၅၀၀ ဈေးရှိပြီး မော်လမြိုင် ပန်းရောင်ကျွဲကောသီး တစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၂၀၀ ဈေးရှိသည်။ ကျွဲကောသီး အဖြူနှင့် ပန်းရောင်နှစ်မျိုးရှိရာ အဖြူမှာ ချို၍ ပန်းရောင်မှာ အချဉ်သီးဖြစ်ပြီး ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတို့နှင့် ဆေးဖက်ဝင်သည်ဟု အဆိုရှိပြီး အဝယ်လိုက်သည်ဟု ဆိုသည်။ ယခု ပန်းသီး၊ နာနတ်သီး၊ ကျွဲကောသီး ဈေးနှုန်းများမှာ လက်ကားဈေးနှုန်းများဖြစ်ကြောင်း သိရသည်။

ငါး၊ ပုစွန်

ငါး၊ ပုစွန်ဝင်ရောက်မှုနှင့် ယနေ့ ငါး၊ ပုစွန်ဈေးနှုန်းများ သိရှိလို၍ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသို့လည်း ရောက်ရှိခဲ့သည်။ ဈေးကွဲချိန်ဖြစ်နေ၍ မွေးမြူရေးငါးတန်နှင့် ငါးမြစ်ချင်း ငါးကြီးများကို လက်လီတစ်ဆင့် ရောင်းချမည့်သူများအား ငါးတန် တစ်ပိဿာ ကျပ် ၁၅၅၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ်၂၀၀၀ ဖြင့် ရောင်းချပေးနေသည်ကို မြင်တွေ့ခဲ့ရသည်။ ဗဟိုစံပြငါးဈေးကြီး၏ ဈေးသာယာရေးရုံးအဖွဲ့မှူး ဦးစိန်ဝမ်းနှင့်တွေ့ဆုံရာတွင် ယခုရက်ပိုင်း ဗဟိုစံပြ ငါးဈေးကြီးသို့ ငါး၊ ပုစွန် ဝင်ရောက်မှု အနည်းငယ်လျော့ပါးလာခြင်းမှာ မွေးမြူရေးကန်များမှ ငါးအဝင်နည်းခြင်းကြောင့် ဖြစ်ကြောင်း၊ ငါးအဝင်နည်းနေသော်လည်း ဈေးနှုန်းမှာ အတက်အကျ တစ်ပိဿာလျှင် ကျပ် ၅၀ မှ ၁၀၀ ခန့်သာရှိကြောင်း၊ ဩဂုတ် ၁၇ ရက်က ငါး၊ ပုစွန်ပိဿာချိန် ၁၁၁၈၂၃ ပိဿာ ဝင်ရောက်ခဲ့ရာ ဩဂုတ်လအတွင်း ပုံမှန်ဝင်ရောက်ခြင်းသာဖြစ်ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဩဂုတ်၁၇ရက်က ဗဟိုစံပြငါးဈေးကြီး၏ ငါး၊ ပုစွန်တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ငါးရံ့အကောင်အကြီးအသေးအလိုက် ကျပ် ၂၀၀၀ မှ ၃၅၀၀၊ ငါးခူ ကျပ် ၂၀၀၀ မှ ၅၀၀၀၊ ငါးကျည်း ကျပ် ၂၅၀၀မှ ၆၀၀၀၊ ငါးကြင်း ကျပ် ၂၀၀၀ မှ ၃၅၀၀၊ ငါးမြစ်ချင်း ကျပ် ၁၆၀၀ မှ ၂၄၀၀၊ ငါးသလောက် ကျပ် ၃၈၀၀မှ ၁၂၀၀၀၊ ငါးတန် ကျပ် ၁၄၀၀မှ ၂၂၀၀၊ မွေးမြူရေးငါးတန် ကျပ် ၁၀၀၀ မှ ၁၅၀၀၊ တီလားပီးယား ကျပ် ၁၀၀၀မှ ၁၈၀၀၊ ပုစွန်ကျော့ ကျပ်၂၂၀၀မှ ၂၇၀၀၊ ဖော့ချိတ် ကျပ် ၂၉၀၀ မှ ၅၀၀၀၊ ပုစွန်ပြောင်းတုပ် ကျပ် ၈၀၀၀ မှ ၁၂၀၀၀၊ ပုစွန်တုပ်ကြီး ကျပ် ၁၂၀၀၀ မှ ၁၉၅၀၀ တို့ဖြစ်ကြောင်း ကွင်းဆင်းစေ့ငု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မွေးမြူရေး ငါးတန်နှင့်ငါးမြစ်ချင်း ငါးကြီးများကို လက်လီရောင်းချမည့်သူများအား တစ်ဆင့်ရောင်းချပေးနေသည်ကို ဗဟိုစံပြငါးဈေးကြီး၌ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သီရိမင်္ဂလာဈေး နာနတ်သီး အရောင်းအဝယ်ဒိုင်တစ်ခုတွင် ရောင်းဝယ်နေကြသည့် မြင်ကွင်း…။ (မြန်မာ့အလင်း)

နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့်ဝင်ရောက်လာသော တရုတ်ပန်းသီးသေတ္တာများကို ၁၀ဘီးကားကြီးပေါ်မှ သယ်ချကြစဉ်။ (မြန်မာ့အလင်း)

၁၇-၈-၂၀၀၈ ရက် ဗဟိုစံပြငါးဈေးကြီး ငါးပုစွန်တစ်ပိဿာ လက်ကားဈေးနှုန်း

ငါးရံ့အကောင်သေး/ကြီး	ကျပ်	၂၀၀၀	မှ	၃၅၀၀
ငါးခူ	ကျပ်	၂၀၀၀	မှ	၅၀၀၀
ငါးကြင်း	ကျပ်	၂၀၀၀	မှ	၃၅၀၀
ငါးမြစ်ချင်း	ကျပ်	၁၆၀၀	မှ	၂၄၀၀
ငါးသလောက်	ကျပ်	၃၈၀၀	မှ	၁၂၀၀၀
ပုစွန်ကျော့	ကျပ်	၂၂၀၀	မှ	၂၇၀၀
ဖော့ချိတ်	ကျပ်	၂၉၀၀	မှ	၅၀၀၀

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်မြောက်ပိုင်း တက်ဆက်စ်ပြည်နယ်၌ ရေလွှမ်း အိုးအိမ် ၁၄၀၀ ခန့် ရေနစ်မြုပ်နေ

တက်ဆက်စ် ဩဂုတ် ၂၁

အမေရိကန်နိုင်ငံမြောက်ပိုင်း တက်ဆက်စ်ပြည်နယ်တွင် ဩဂုတ် ၂၁ရက်က မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ကယ်ဆယ်ရေး

အဆိုပါ မိုးရွာသွန်းမှုကြောင့် စတားစီရင်စုတွင် နေအိမ် ၁၄၀၀ခန့် ရေနစ်မြုပ်ခဲ့ပြီး ကားလမ်းများလည်း ရေလွှမ်းခဲ့သဖြင့် မော်တော်ယာဉ်သွားလာရေးပြတ်တောက်လျက်ရှိသည်။ ရေဘေးဒုက္ခကြုံတွေ့ခံစားနေရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နယူးဇီလန်မြောက်ပိုင်း၌ ဆီးနှင်းများထူထပ်စွာကျဆင်း

တူရိုရာ ဩဂုတ် ၂၁

နယူးဇီလန်နိုင်ငံ မြောက်ပိုင်းဒေသတွင် ဩဂုတ် ၂၁ရက် နံနက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ နယူးဇီလန်သမိုင်း၌ အဆိုးရွားဆုံး ဆီးနှင်းကျဆင်းမှုဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဆီးနှင်းထု

ဆီးနှင်းများကျဆင်းမှုမှာ တောင်တန်းဒေသများ၌ ဆီးနှင်းထု ၁၀ ပေနီးပါး အထိ ကျဆင်းခဲ့ကြောင်း၊ **(အောက်ပုံ)** အချို့နေရာများတွင် ဆီးနှင်းထု ခြောက်ပေခန့် အထိ ကျဆင်းခဲ့သဖြင့် သွားလာရေးပြတ်တောက်လျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

မြောက်အိုင်ယာလန်၌ ရေလွှမ်း၊ တံတားသုံးစင်းကျိုးကျ

လန်ဒန် ဩဂုတ် ၂၁

မြောက်အိုင်ယာလန်တွင် ဩဂုတ် ၂၁ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးပြီး ဒေသခံ ၃၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း မြောက်အိုင်ယာလန်အရာရှိများက ပြောကြားသည်။

ပျက်စီး

ထို့အတူ တောင်ကျရေများ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် မြစ်ရေများလျှံပြီး တံတားသုံးစင်းပျက်စီးကာ နေအိမ်အချို့ ပျက်စီးသွားကြောင်း ၎င်းတို့က ပြောကြားသည်။ ရေလွှမ်းမှုဒဏ်အဆိုးရွားဆုံး ကြုံတွေ့ရသည့် နေရာမှာ ဘီလ်ဖတ်စ်မြို့ ဝန်းကျင်ဒေသများဖြစ်ကြောင်း သိရသည်။

ရုရှား၌ မီးတောင်လှုပ်ရှား မီးခိုးနှင့်ပြာမှုန်များ မှုတ်ထုတ်နေ

မော်စကို ဩဂုတ် ၂၁

ရုရှားနိုင်ငံရှိ ဘီဇီမီအန်နီ မီးတောင်သည် ဩဂုတ် ၂၁ရက်က လှုပ်ရှားလာပြီး မီးခိုးနှင့် ပြာမှုန်များ မှုတ်ထုတ်နေကြောင်း ရုရှားနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ထုတ်ဖော်ပြောကြားသည်။

သတိပေးချက်

အဆိုပါမီးတောင်သည် ဒေသစံတော်ချိန် နံနက် ၁နာရီခန့်မှစတင်ကာ လှုပ်ရှားနေခြင်းဖြစ်ပြီး ဒေသခံများအား အနီးဝန်းကျင်သို့ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားသည်။ ထို့အတူ ၎င်းမီးတောင်ပတ်ဝန်းကျင်အား အနီရောင်အဆင့် သတိပေးချက်များ ထုတ်ပြန်လျက်ရှိသည်။

အသက် (၁၀၀) ပြည့်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းမြို့မ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းမှ ပညာထူးချွန်သူများအား ရွေးချယ်ချီးမြှင့်သော ဘဒ္ဒန္တစန္ဒိမာဘိဝံသ သမိုင်းမြို့မကျောင်းတိုက် ဆရာတော်အားဂုဏ်ပြုသည့် စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ရေးအဖွဲ့ဖြစ်မြောက်ရေးကို စတင်ဆောင်ရွက်ခဲ့သော ဆရာကြီးဦးကျော်အား ဩဂုတ် ၁၅ရက်က ၎င်း၏အသက်(၁၀၀)ပြည့်မွေးနေ့ပွဲတွင် တပည့်များနှင့်အတူ တွေ့ရစဉ်။

(မြန်မာ့အလင်း)

ရန်ကုန်တောင်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

တိုင်းမှူး ပိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေမော်ဝန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ဇနီးဒေါ်ကြင်မြိုင်တို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက ရန်ကုန်တောင်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အနုပညာရှင်ကျောင်းသား ကျောင်းသူလေးများက အဆို၊ အကများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က သီဆိုဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

ရန်ကုန်တောင်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင် (ပထမတန်း)ပြိုင်ပွဲတွင် ၂၀၊ ဝါသနာရှင် (ဒုတိယတန်း) ပြိုင်ပွဲတွင် ၈၆ဦးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု စက်မှုလက်မှုရပ်ကွက်အတွင်း လမ်းများဖောက်လုပ်လျက်ရှိသည့် အခြေအနေ၊ လျှပ်စစ် မီးရရှိရေး၊ ရေရရှိရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က တမံများကို စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားကြရန်၊ သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းကြရန် မှာကြားသည်။ ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်းကို လက်ဆောင်အဖြစ်ပေးအပ်ပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြီးအုံ-ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌တည်ရှိပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ၉၆၇၇၇ ဧကဖြစ်၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမှာ ၇၄ မဂ္ဂါဝပ်ဖြစ်ကာ ယနေ့အထိ စီမံကိန်းလုပ်ငန်းစုစုပေါင်း၏ ၆၃ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။

တိုးတက်ထုတ်ယူနိုင်မည်

ကြီးအုံ-ကြီး၀ ရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ ဖူးရွာနှင့်အထက်ဖူးရွာ ရေလှောင်တမံ စီမံကိန်းအစုအဖွဲ့များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းအားလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၅၀အထိ တိုးတက်ထုတ်ယူနိုင်မည်ဖြစ်သည်။

အလားတူ မြစ်သာရေလှောင်တမံစီမံကိန်းသည် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး၌ တည်ရှိပြီး ရေအားလျှပ်စစ်ဓာတ်အားမှာ မဂ္ဂါဝပ် ၄၀ ဖြစ်၍ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက၁၂၀၀၀ ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ပွင့်ဖြူမြို့နယ်ရှိ မုန်းချောင်းကြီးတံတား ကြံ့ခိုင်မှုကိုလည်းကောင်း၊ မဲဇလီရေလွှဲဆည်မှ ရေပေးဝေမှုကိုလည်းကောင်း၊ ပွင့်ဖြူမြို့နယ် ကြူဝင်းကျေးရွာနှင့် အနောက်လေးအိမ်ကျေးရွာတို့ရှိ မိုးစပါးတိုးချဲ့မြောင်းမှ ရေပေးဝေမှုကိုလည်းကောင်း၊ တောင်သူဦးညွန့်ဝေ၏ ကွင်းအမှတ် (၉၃၅)၌ ရွှေသွယ်ရင်မျိုးစပါး စုပေါင်းစိုက်ပျိုးနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်းအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကိုမှာကြားသည်။

အဆိုပါ မဲဇလီရေလွှဲဆည်ရေဖြင့် ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် စလင်းမြို့နယ် အတွင်းရှိ ဆည်ရေသောက် ဧရိယာများ၌ မိုးစပါးနှင့်နွေစပါးများ စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေလျက်ရှိသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ပွင့်ဖြူမြို့နယ် ဗိုလ်ဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံရာ ရှေးဦးစွာ ပွင့်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးနှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရတို့က ဒေသဆိုင်ရာ အချက်အလက်များ၊ မြို့နယ်နှင့်ခရိုင်တို့၏ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပွင့်ဖြူမြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးမှုများကို တွေ့မြင်ရ၍ ကျေနပ်ဝမ်းမြောက်မိကြောင်း၊ ရေသယံဇာတ ပိုလျှံမှုရှိသည့်အပြင် မြေသယံဇာတပါ ကောင်းမွန်၍ မကွေးတိုင်း၏ ဒေသဝမ်းစာဖူလုံရေးအတွက် အထောက်အကူပြုနိုင်ရေး၊ ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်မှုကုန်ထုတ်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်တို့ကိုလည်း အလေးထားစိုက်ပျိုးကြရန် မှာကြားလိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးအတွက် စေတနာအပြည့်ဖြင့်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် ပွင့်ဖြူမြို့နယ် ရွာသာကြီး လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ တောင်မုန်းမြောင်းမှတစ်ဆင့် ယခုနှစ် မိုးစပါးရာသီအတွင်း ဧက၇၀၀ စိုက်ပျိုးရန် ရေပေးဝေမှုကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရွာသာကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ပွင့်ဖြူမြို့နယ် ရွာသာကြီး ကျေးရွာအနီး၌တည်ရှိပြီး ရေပင်ရင်းမှာ တောင်မုန်းမြောင်းဖြစ်၍ ရေတင်အမြင့် ပေ၃၀ရှိသည်။ အကျိုးပြုဧကမှာ ဧက၇၀၀ဖြစ်ပြီး အဆိုပါစီမံကိန်း၏ အကျိုးရလဒ်အဖြစ် လယ်မြေများ အကြားအလပ်မရှိ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၂၁

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နတ်မောက်နယ်ဖွား နာယကဆရာတော်ကြီးများ၊ အကျိုးဆောင်ဆရာတော်ကြီးများအား အသင်းတည်ရှိရာ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ နိုင်ငံတော်သာခုပရိယတ္တိစာသင်တိုက်ကြီး၌ (၁၃၇၀ ပြည့်နှစ် တော်သလင်းလဆန်း ၁ ရက်) ဩဂုတ် ၃၁ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ နယ်သူနယ်သားများ မပျက်မကွက် တက်ရောက်ကြည်ညို ပူဇော်ကြပါရန်နှင့် ဝတ္ထုငွေလှူဒါန်းပစ္စည်းများကို ဦးဟန်ဇော် (ဥက္ကဋ္ဌ)ဖုန်း-၅၆၃၉၁၄၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးအောင်သန်းထွန်း ဖုန်း- ၅၄၃၃၉၁၊ ဦးထွန်းညွန့် ဖုန်း-၅၁၇၁၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေတောင်တောရ ဆရာတော် နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ ရွှေတောင်တောရ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ဦးစီးပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရသည် ရေးမြို့နယ် လမိုင်းမြို့ နတ်ရေကန်ဓမ္မရိပ်သာ၌ ၁၃၇၀ပြည့်နှစ် ဝါခေါင်းလပြည့်ကျော် ၇ရက်မှ ၁၃ရက် (ဩဂုတ် ၂၃ရက်မှ ၂၉ ရက်အထိ) နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ချီးမြှင့်တော်မူမည်ဖြစ်သည်။ ဆရာတော်သည် လမိုင်းမြို့၌ နှစ်စဉ်ဝါတွင်းကာလအတွင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ချီးမြှင့်တော်မူကြောင်း သိရသည်။

(သတင်းစဉ်)

ပုသိမ်ခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

ရန်ကုန် ဩဂုတ် ၂၁

ပုသိမ်ခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၁ရက် နံနက်၉နာရီက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို ဩဂုတ် ၁၁ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် ည ၇နာရီတွင် ပုသိမ်မြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အဆိုပါခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီ နာယက ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဝါသနာရှင် ပထမတန်း၊ ဝါသနာရှင် ဒုတိယတန်းနှင့် အခြေခံပညာအဆင့် တံခွန်စိုက်ဆုရ ပုသိမ်မြို့နယ်အား တံခွန်စိုက်ဆုများချီးမြှင့်ရာ**(အပေါ်ပုံ)** ပုသိမ်မြို့နယ် ဥက္ကဋ္ဌ ဦးပါစည်က လက်ခံရယူခဲ့ကြောင်းနှင့် ဆုရရှိသူများက ပြန်လည်ဂုဏ်ပြုဖျော်ဖြေခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဧရာဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၃၅ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိ နိုင်သည်။

ကျဆင်း

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၄ စင်တီမီတာသို့ ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီ အတွင်း တောင်ငူမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ အောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၄၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇၄ စင်တီမီတာ ၂ ဒသမ ၄ ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း မဒေါက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘားအံမြို့တွင် ၈၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၉ စင်တီမီတာ ၂ ဒသမ ၃ ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရေးမြို့နယ်၌ စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေး

ရန်ကုန် ဩဂုတ် ၂၁

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ကြီးကျေးရွာ၌ စပါးပိုမိုထွက်ရှိရေးနှင့် ငါးကဏ္ဍတိုးတက်ရေးတို့အတွက် ငါးလုပ်ငန်းဦးစီးဌာနက စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ် ၁၅ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးရှိန်လင်း၊ အဖွဲ့ဝင်ဒုတိယရဲမှူးသန်းဦးနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်၊ ကလော့ကြီးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လယ်ဧက၁၀၀အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၅၀၀၀၀နှင့် ကျုံးများ၊ အင်းကောများအတွင်းသို့ ငါးသားပေါက်ကောင်ရေ တစ်သိန်းတို့ကို မျိုးစိုက်ထည့်ပေးကြသည်။**(ဓါတ်ပုံ)**

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာအုပ်စု ၁၆အုပ်စုသို့ ထောက်ပံ့ရေးပစ္စည်းများနှင့် ငါးဖမ်းလှေများ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၁

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဩဂုတ်၁၈ရက်က မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာအုပ်စု ၁၆အုပ်စုသို့ ထောက်ပံ့ရေးပစ္စည်းများနှင့် ငါးဖမ်းလှေများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် Asia Hi-Tech ကုမ္ပဏီမှ လှူဒါန်းငွေဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများရှိ စာသင်ကျောင်းများအတွက် ပြုလုပ်ပြီးဖြစ်သော လေးယောက်တွဲ စာသင်ခုံများအား ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် မေ ၃ရက်မှစ၍ ယနေ့အထိ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည့်ကယ်ဆယ်ရေး၊အမိုးအကာအောက်ရောက်ရှိရေး၊ ပြန်လည်ထူထောင်ရေး၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းများ၊ မြို့သာယာလှပရေး လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ငါးဖမ်းစက်လှေ ၃၁၂ စင်းကို မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းထွန်းဦးကလွှဲပြောင်းပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က လက်ခံပြီး ကျေးရွာအုပ်စု ၁၆ အုပ်စုမှ တက်ရောက်လာသည့် ရေလုပ်သားများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ Asia Hi-Tech ကုမ္ပဏီမှ လှူဒါန်းသောငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ လေးယောက်ထိုင်စာရေးစားပွဲနှင့် ခုံအစုံ ၇၅၀ကို Asia Hi-Tech ကုမ္ပဏီကိုယ်စား စည်ပင်သာယာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကိုက မြို့နယ်ပညာရေးမှူး ဦးတင်မင်းထံ လွှဲပြောင်းပေးအပ်သည်။ ယင်းစာရေးစားပွဲနှင့် ထိုင်ခုံများကို လေဘေးသင့်ကျေးရွာအုပ်စု ၁၆ အုပ်စုသို့ ဆက်လက်လွှဲပြောင်း ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်ကြရာ ရွှေသပြေကုမ္ပဏီမှ တာဝတိံသာ ဘုရားကြီး ဘက်စုံမွမ်းမံရန်အတွက် ငွေကျပ်သိန်း ၂၀၊ မြို့မ ၆ရပ်ကွက် ၁၄လမ်း ဓမ္မာရုံ ဘက်စုံမွမ်းမံရန်အလှူငွေကျပ်ငါးသိန်း၊ မော်လမြိုင်ကျွန်းမြို့နေ ဦးကြည်လွင်-ဒေါ်ခင်ခင်အေး(မြင်းကျားဆေးလိပ်)က ငွေကျပ်သုံးသိန်း၊ဦးတင်လှိုင်-ဒေါ်ညွှန့်ညွှန့်ကြည် (နီလာရွှေဆိုင်)က ငွေကျပ်သုံးသိန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၆၅၀၀၀၊ ဦးမောင်လှက ငွေကျပ်နှစ်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး (ဒုတိယဦးစီးမှူး) ဦးတင်အောင်ဝင်းက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင် ၁၄ဦးတို့က စုစုပေါင်းငွေကျပ် ၁၀၄၈၃၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

အခမဲ့ပြုပြင်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့ ကမ်းနားလမ်း၌ အသင့်တည်ဆောက်ပြီး စက်လှေများအား လေဘေးသင့်ကျေးရွာအုပ်စုများမှ ရေလုပ်သားများသို့ တစ်ဦးချင်း လွှဲပြောင်းပေးနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့ မိုးလုံလေလုံအားကစားရုံ အတွင်း၌စည်ပင်သာယာရေးဦးစီးဌာနနှင့် Bridge Asia-Japan (အာရှ-ဂျပန်ပေါင်းကူးအဖွဲ့)တို့ ပူးပေါင်း၍ ယခင်ကျေးရွာများတွင် အသုံးပြုခဲ့ပြီး ပျက်စီးနေသာ လက်တွန်းထွန်စက်များအားအခမဲ့ပြုပြင်ပေးနေမှုကိုသွားရောက်ကြည့်ရှုသည်။ စည်ပင်သာယာရေးဦးစီးဌာနနှင့် Bridge Asia -Japan တို့ပူးပေါင်း၍ မော်လမြိုင်ကျွန်းမြို့နယ် ယာယီအလုပ်ရုံတွင်လက်တွန်းထွန်စက် အပျက် ၈၉ စီး၊ ကြက်လျှာကျေးရွာ ယာယီအလုပ်ရုံတွင်လက်တွန်းထွန်စက် ၁၀၆စီးတို့ကို အခမဲ့ ပြုပြင်ပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် Asia Hi-Tech ကုမ္ပဏီမှ လှူဒါန်းငွေဖြင့် လေဘေးသင့်ကျေးရွာများရှိ စာသင်ကျောင်းများအတွက် ပြုလုပ်ပြီးဖြစ်သော လေးယောက်တွဲ စာသင်ခုံများအား ကြည့်ရှုစစ်ဆေး၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော စက်လှေများ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့မဟာဗန္ဓုလလမ်းမကြီးတစ်လျှောက် လမ်းလယ်ကျွန်းနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်နေသော လမ်းလယ်ကျွန်း မီးတိုင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏အစီအစဉ်အရဆောင်ရွက်ပေးခဲ့သော မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(မော်လမြိုင်ကျွန်း)သို့ ရောက်ရှိပြီး မြဝတီရုပ်မြင်သံကြား အစီအစဉ်များထုတ်လွှင့်နေမှုကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးမောက်မြို့နယ် ကျေးလက်လမ်း သဲကျောက်ခင်း

မိုးမောက် ဩဂုတ် ၂၁

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ရက်က မန်နောင်-နှင်းအီလမ်း သဲကျောက်ခင်းခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သော ဝန်ထမ်းများ ဆောင်ရွက်နေမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

သံအမတ်ကြီး ဦးဉာဏ်လင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၂

အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် ဩဂုတ်၁၂ရက်တွင် ဂျကာတာမြို့၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၈-၂၀၀၈ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အဆိုပြိုင်ပွဲ
၇:၅၀ ၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၀၅ ၅။ အကပြိုင်ပွဲ
၈:၁၅ ၆။ တေးဂီတအစီအစဉ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၅၀ ၉။ **ပြေးပြေးလွှားလွှား သွားသွားလာလာ** မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မအေးမြင့်၊ စိန်ဂွက်ထော် (ဒါရိုက်တာ-မောင်မောင်မြင့်)

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ **စက်မှုဖွံ့ဖြိုးဒို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊နှင်းဆီ (ဒါရိုက်တာ-တင်အောင်ရွှေ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ အတီးပြိုင်ပွဲ
၅:၁၅ ၇။ မြန်မာစာမြန်မာစကား
၅:၃၀ ၈။ တေးဂီတအစီအစဉ်
၅:၄၅ ၉။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၆:၅၀ ၁၃။ နှောင်းခေတ်တေးပဒေသာ
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၂၂)
၁၉။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် ဩဂုတ် ၂၁

ဩဂုတ် ၂၁ ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရပါလျှင် မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့ပြီး ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာသွန်းခဲ့သည်။ မန္တလေးတိုင်းတွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာသွန်းခဲ့သည်။

ဩဂုတ်၂၂ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး၊ စစ်ကိုင်းတိုင်းအလယ်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ် ၂၂ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်ဖြစ်သည်။

ဩဂုတ်၂၁ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

သိမ်ဇရပ်	၃ ဒသမ ၀၃	လက်မ
မိုင်းဆတ်	၂ ဒသမ ၀၁	လက်မ
မြိတ်	၁ ဒသမ ၇၃	လက်မ
ပဲခူး	၁ ဒသမ ၆၅	လက်မ
ခရမ်း	၁ ဒသမ ၆၁	လက်မ
ဝမြို့	၁ ဒသမ ၂၆	လက်မ
မချမ်းဘော	၁ ဒသမ ၁၈	လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ ဧည့်သည်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၁

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ Korean Broadcasting Institute မှ General Manager Mr. Harrison Yu နှင့် အဖွဲ့သည် ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Lee Jong Kwon နှင့် Korean Broadcasting Institute တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းဆောင်ရွက်မှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့နယ် လင့်စင်ကုန်းကျေးရွာရှိ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

တင်ပြချက်များအပေါ် ဝန်ကြီးက ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းကို သတ်မှတ်သည့် အချိန်အတွင်း ပြီးစီးရေးနှင့် စံချိန်စံညွှန်းနှင့်အညီ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေပြည်တော်ကို ဗဟိုပြု၍ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-မော်လမြိုင်၊နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မြင်းခြံ ရထားလမ်းများ ပြေးဆွဲဖွင့်လှစ်ပြီးဖြစ်ရာ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်း ပြီးစီးသွားပါက နေပြည်တော်မှ ရွှေညောင်သို့ သွားလာနိုင်မည်ဖြစ်သဖြင့် အမြန်ဆုံး ပြီးစီးအောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် ဘုရားငါးဆူ လုပ်ငန်းခွင်သို့ ရောက်ရှိပြီးစက်ယန္တရားများဖြင့် တံတားပေါင်များ လုပ်ငန်းခွင်သို့ ပို့ဆောင်နေမှု၊ သံကူကွန်ကရစ်ပေါင်များရောက်ရှိမှု၊ သံလမ်းခင်း ကျောက်များ စုပုံထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး MRGC သံလမ်းပြေးယာဉ်ဖြင့် ဘုရားငါးဆူ-ပျော်ဘွယ်လမ်းကြောင်းရှိ သံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘုရားငါးဆူကျေးရွာနှင့် ကုက္ကိုကန်ကျေးရွာ အကြားရှိ ပေ ၂၃၀ အရှည်ရှိသော သက်သော့ချောင်းတံတား ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သံလမ်းလုပ်သားများနှင့် တံတားလုပ်သားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်သည် ခရီးမိုင်၁၆ဒသမ၁၉ မိုင်ခန့်ရှိပြီး ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ၏ လက်ရှိရထားလမ်း အရှည်မှာ ခရီးမိုင် ၃၁ဒသမ ၇၅မိုင်ရှိသဖြင့် ရထားလမ်းသစ်ဖောက်လုပ်ခြင်းကြောင့် ခရီးမိုင်၁၅ဒသမ ၅၆မိုင် ပိုမိုလျော့နည်းသက်သာပြီး သာစည်မြို့သို့ ဖြတ်ရန်မလိုဘဲ ရွှေညောင်မြို့သို့ သွားရောက်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်-ရန်အောင်-နတ်မောက် ရထား လမ်းအူကြောင်းမြေနေရာ ရှာဖွေရန် ထွက်ခွာလာရာ ပျော်ဘွယ်ဘူတာသို့ ရောက်ရှိပြီး ၎င်းမှ RBE အထူးရထားဖြင့်ပျော်ဘွယ်-ရန်အောင် ရထားလမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းမှု၊ လမ်းကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ရေင်ကျေးရွာ၌ လမ်းအူကြောင်းမြေနေရာနှင့်ရန်အောင်ကျေးရွာ၌ ပျော်ဘွယ်-ရန်အောင်-နတ်မောက်လမ်းအူကြောင်း မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပေပင်လေးလမ်းဆုံသို့ ရောက်ရှိပြီး ပျော်ဘွယ်-ရန်အောင်-နတ်မောက် လမ်းအူကြောင်း မြေနေရာရှာဖွေခြင်းကို ဒုတိယဝန်ကြီး ဦးဖေသန်းက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရွာမွန်ကျေးရွာသို့ ရောက်ရှိပြီး ပျော်ဘွယ်- ရန်အောင်-နတ်မောက် လမ်းအူကြောင်းမြေနေရာရှာဖွေထားမှု၊ သာမြားကျေးရွာ သာမြားဘူတာ၌ ပျော်ဘွယ်- ရန်အောင်-နတ်မောက် လမ်းအူကြောင်းမြေနေရာရှာဖွေထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ရပ်မိရပ်ဖများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားတော်များ အသံလွှင့်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၁

၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော်၈ရက် (ဩဂုတ်၂၄ရက်) တနင်္ဂနွေနေ့ နံနက်၇နာရီတွင် မြန်မာအသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)က အကောင်းဆုံး လေးပါး တရားတော်ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ခရမ်းမြို့ စတုဘုမ္မိကကျောင်းတိုက်၌ ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သဃ်န်းကျွန်းမြို့နယ် ပြည်သာယာ ဆရာတော် ဘဒ္ဒန္တကုမာရနှင့် ဘဒ္ဒန္တစိန္တိတ(ခရမ်း)တို့က ဩဂုတ်၃၁ရက် (တနင်္ဂနွေနေ့)တွင်တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ ဩဂုတ် ၃၀ (စနေနေ့)ညနေ၄နာရီအရောက်လာကြရမည်ဖြစ်ပြီး ဖုန်း-၀၅၆-၃၀၃၈၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၂)စမ်းချောင်း ကျောင်းအုတ်တံတိုင်းပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

စိန့်ဖလိုမီနာနှင့် အထက(၂)စမ်းချောင်း ကျောင်းသူဟောင်းများက လေဘေးဒဏ်ကြောင့် ပျက်စီးသွားရသော အထက(၂)စမ်းချောင်းကျောင်း အုတ်တံတိုင်းပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို (ဩဂုတ် ၁၇ရက်) တနင်္ဂနွေနေ့က အထက(၂)စမ်းချောင်း စံပယ်ခန်းမဆောင်တွင် ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းသူဟောင်းများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၅သိန်းကို ကျောင်းသူဟောင်းတစ်ဦးဖြစ်သည့် အငြိမ်းစားဆရာမကြီး ဒေါ်အေးခင်ကပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

နှိုးဆော်ထား

ထို့ပြင် စိန့်ဖလိုမီနာနှင့် အထက(၂) စမ်းချောင်းကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အငြိမ်းစားဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးပွဲကို ဩဂုတ်၃၁ရက်(တနင်္ဂနွေနေ့)တွင် ပညာ့ဗိမာန်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ပွင့်ဖြူမြို့နယ်၌ ပန်းခြံလှပရေးပြုပြင်

ပွင့်ဖြူ ဩဂုတ် ၂၁

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဩဂုတ်၁၈ရက်ကပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပွင့်မာလာ ပန်းခြံသာယာလှပရေးဆောင်ရွက်မည့် အစီအစဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သောက်သုံးရေရရှိရေး အောင်လံ၌ ဆောင်ရွက်

အောင်လံ ဩဂုတ် ၂၁

အောင်လံမြို့နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် စမ်းချောင်းရပ်ကွက် (၁၈)လမ်းရှိရေဂါလန်၈၀၀၀၀ဆံ့ရေစကန်အဆင့်မြှင့်တင်ခြင်းနှင့် ရေကန်အမိုးမိုးခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ (စက်မှု)ဦးထွန်းသူအောင်တို့ကကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

လွယ်ဂျယ်မြို့ မြို့သာယာလှပရေးဆောင်ရွက်

လွယ်ဂျယ် ဩဂုတ် ၂၁

လွယ်ဂျယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ဩဂုတ်၁၁ရက်က လမ်းမကြီး ဘေးဝဲ/ယာတစ်လျှောက် ပန်းအလှပင်စိုက်ပျိုးပြီး မြေယာရှုခင်းပြုပြင်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏနှင့် ဝန်ထမ်းများဆောင်ရွက်ကြရာ မြို့နယ်တာဝန်ခံအရာရှိဦးသောင်းမြင့်ကကြီးကြပ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မူးယစ်ကင်းစင် အလှဆင်

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရန် တေးဂီတပွဲတော် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ဂီတအစည်းအရုံးက လေဘေးသင့်ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ထောက်ပံ့လှူဒါန်းနိုင်ရန် စီစဉ်တင်ဆက်သည့် Iron Cross တေးဂီတပွဲတော်ကို ဩဂုတ်၂၄ရက်နှင့်၂၅ရက် ညနေ၅နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါရန်ပုံငွေ ဂီတပွဲတော်၌ တေးသံရှင် လေးဖြူ အပါအဝင် Iron Cross တေးဂီတအဖွဲ့၏ ပင်တိုင်တေးသံရှင်များဖြစ်ကြသော အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

ဝယ်ယူနိုင်

လက်မှတ်များကို ငွေကျပ်၁၅၀၀၀၊ ငွေကျပ်၁၀၀၀၀နှင့် ငွေကျပ် ၉၀၀၀ သတ်မှတ်ထားပြီး ရန်ကုန်မြို့ရှိ ကိုကိုညီညီ ဖြူတီဆလွန်း(ဆရာစံလမ်း၊ ဒဂုံစင်တာ၊ လပြည့်ဝန်းပလာဇာ)၊ မန်းသီရိတေးသံသွင်း၊ သာကေတ Capital Hyper Mart နှင့် ကျောက်မြောင်းစတိုးတို့၌ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် ဩဂုတ် ၂၁

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးတင်ဝင်း (Yan Bahadur) သည် ကစားဖော်များဖြစ်ကြသော ဦးသိန်းအောင် (သိန်းထိုက်ရတနာ)၊ ဦးချစ် (TRI)၊ ဦးကျော်ကျော် (ခိုင်ခိုင်ကျော်မြန်မာထမင်းဆိုင်)တို့နှင့်အတူ ဩဂုတ် ၁၀ ရက်က မြန်မာဂေါက်သီးရိုက်အသင်းတွင် ဂေါက်သီးရိုက်ကစားကြရာ PRO V1 N0.4 ဘောလုံးကို Wilson Iron No.7 တုတ်ဖြင့်ရိုက်လိုက်ရာ၁၄၂ကိုက်ရှိ ကျင်းအမှတ် (၁၇)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ကြောင်း သိရသည်။

မြို့တော်ဂေါက်ကွင်း

အလားတူ ဦးမင်းဆွေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဩဂုတ် ၁၆ ရက် နံနက်၉နာရီခန့်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂) ကို ကိုက်၁၃၀အကွာမှ Nike Ball No.4 ကို Manchester Iron Pitchion တုတ်နှင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးမြင့်ကြည်၊ ဦးတင့်ရှိန် (ကိုစိန်ဝမ်း အင်ဂျင်ရောင်းဝယ်ရေး)၊ ဦးကျော်ဦး (COSMO)၊ ကိုအောင်ကျော်ထူး(S.G.S)တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါကစ္စတန်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ကရာချိ ဩဂုတ် ၂၁

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ မြောက်ဘက်၁၈ဒသမ ၅မိုင်ခန့်အကွာရှိ ဝါ့ဂျ်မြို့တွင် ဩဂုတ်၂၁ရက်က လက်နက်စက်ရုံတစ်ရုံကို အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ဖောင်ပိတ်ချိန်အထိ လူ၇၀ခန့် သေဆုံးပြီး ၁၀၀ခန့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

သေဆုံး

ဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ဦးခန့်သေဆုံးပြီး ဒုတိယဗုံးခွဲတိုက်ခိုက်မှု၌ လူ၅၀ကျော် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ ကယ်ဆယ်ရေးအဖွဲ့များကလည်း လိုအပ်သည့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

စပိန်လေယာဉ်ပြေးလမ်းချော်မှု သေဆုံးသူ ၁၅၃ဦးရှိလာ

မက်ဒရစ် ဩဂုတ် ၂၁

စပိန်နိုင်ငံမက်ဒရစ်မြို့တွင် ဩဂုတ်၂၀ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ၄၅မိနစ်က ခရီးသည်တင်လေယာဉ်တစ်စင်း မက်ဒရစ်လေဆိပ်မှ ပျံတက်ရန်ကြိုးစားစဉ် ပြေးလမ်းချော်ပြီး မီးလောင်ပေါက်ကွဲခဲ့ရာ ခရီးသည် ၁၀၀ခန့် သေဆုံးခဲ့ကြောင်း သိရသည်။ **(ဩဂုတ်၂၁ရက် မြန်မာ့အလင်း ဖောင်ပိတ်သတင်းစာ-၃)**

အဆိုပါ သတင်းနှင့်ပတ်သက်၍ ထပ်မံသိရှိရသည်မှာ သေဆုံးသည့် ခရီးသည်ဦးရေမှာ ဩဂုတ်၂၁အထိ ၁၅၃ဦးရှိနေပြီဖြစ်ကြောင်း၊ ဒဏ်ရာရသူများလည်း ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ် စေတနာ ကုံလုံကြွယ်ဝကြရမည်

ယနေ့ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည်။ နည်းပညာ၊ လူမှုစီးပွားနှင့် နိုင်ငံရေး အဘက်ဘက်တွင် ဖြစ်သည်။ မဖြစ်နိုင်ဟု ယူဆထားသည်များ အမှန်တကယ် ဖြစ်ပေါ်လာခဲ့သည်။ အရာရာကို ပညာဖြင့်စေစားပြီး ဖွံ့ဖြိုးတိုးတက်မှုကို နည်းမျိုးစုံဖြင့် ကြံဆောင်ဖန်တီးလျက် ရှိကြသည်။ မိမိတို့နိုင်ငံသည်လည်း ကမ္ဘာကြီးနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်တွင် လိုက်ပါဖြတ်သန်း နေရပေပြီ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် ပြည်သူတို့၏ အသိဉာဏ် ဖွံ့ဖြိုးရှင်သန်ရမည်။ ယနေ့ခေတ်ကို ပညာခေတ် (Knowledge Age) ဟု ခေါ်ဝေါ်တင်စား ညွှန်းဆိုလျက်ရှိကြသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ပြီး ရေရှည်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် လူ့ဘောင်အဖွဲ့အစည်းကို အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Life Long Learning Society) ဖြစ်စေရန် ရည်မှန်း ဖော်ဆောင်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ (Human Resources) တိုးတက်မြင့်မားရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

မျက်မှောက်ကာလသည် ပညာခေတ်ဟု ဆိုရာတွင် သာမန်စဉ်းစားကြည့်ပါက သိပ္ပံပညာ၊ နည်းပညာတတ်ကျွမ်းရမည့် အချိန်ကာလဟု သဘောပေါက်နိုင်ပါသည်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်ကြီးများဖြစ်လာရန် ကြိုးပမ်းကြရမည်ဟု နားလည်မိပေလိမ့်မည်။ အမှန်တကယ်မူ ပညာဆိုသည်မှာ ထို့ထက်ကျယ်ဝန်းနက်ရှိုင်းပါသည်။

မိမိတို့ ငယ်စဉ်က ဆရာ ဆရာမများ သင်ကြားပေးသော ကျောင်းပညာများကို နာယူမှတ်သား လေ့လာကြသည်။ မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်း၊ အထက်တန်းမှ အဆင့်မြင့်ပညာစသဖြင့် အခြေခံပညာ၊ အဆင့်မြင့်ပညာများကို မိမိတို့ စွမ်းရည်ရှိသမျှ၊ တတ်စွမ်းသမျှ လေ့လာသင်ယူခဲ့ကြသည်။ ဆရာ ဆရာမများကလည်း မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ စသည့် ဘာသာရပ်မျိုးစုံကို သင်ကြားပေးခဲ့ကြသည်။

မိမိတို့ ကြိုးစားလျှင် ကြိုးစားသလောက် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ ကျောင်းဆရာ စသည်ဖြင့် အတတ်ပညာရှင်များ ဖြစ်လာခဲ့ကြသည်။ အချို့ကလည်း အတတ်ပညာတတ်မြောက်ပြီး နိုင်ငံ့ဝန်ထမ်း မလုပ်ကြဘဲ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဖြင့် အောင်မြင်မှုရရှိခဲ့ကြသည်။ ဤသည်တို့မှာ အတတ်ပညာများဖြစ်သည်။ ကျောင်းကသင်ပေးသော အတတ်ပညာများသည် မိမိတို့ဘဝ အသက်မွေးဝမ်းကျောင်းမှုအတွက် ရပ်တည်နိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းပင် ဖြစ်သည်။

မိမိတို့ငယ်စဉ်ဘဝ ကျောင်းနေစဉ်မှစ၍ ကျောင်းတွင် ဆရာ ဆရာမများက သော်လည်းကောင်း၊ အိမ်တွင် လူကြီးမိဘများက သော်လည်းကောင်း လူကြီးရှေ့သွားလျှင် ကိုယ်ကို ကိုင်းညွတ်၍ သွားရမည်။ လူကြီးနှင့် ထမင်းတစ်ဝိုင်းတည်းစားလျှင် ဦးချပြီးမှ စားရမည်။ ယဉ်ကျေးလိမ္မာရန် မည်သို့နေထိုင်ပြောဆိုရမည် စသည့် လူမှုအသိပညာများကို သင်ပြပေးခဲ့ကြသည်။ လောကနီတိ၊ လူ့ကျင့်ဝတ်တို့ကို ညွှန်ပြခဲ့သည်။ ၎င်းအသိပညာများသည် လူတစ်ယောက်အတွက် မွေးသည်မှ သေဆုံးသည်အထိ အကျိုးရှိရှိ နေထိုင်သွားနိုင်စေမည့် နည်းလမ်းများပင် ဖြစ်သည်။ ကျန်းမာအောင် မည်သို့နေရမည်၊ အသက်ရှည်အောင် မည်သို့ကျင့်ကြံရမည်၊ လူလူချင်း မည်သို့ဆက်ဆံရမည်၊ မိမိပတ်ဝန်းကျင်အကျိုး မည်သို့သယ်ပိုးရမည် စသည်တို့သည် လူ့ဘဝအတွက် မရှိမဖြစ်၊ မသိမဖြစ် အရေးကြီးသော လူမှုရေးအသိပညာများပင် ဖြစ်သည်။

လူ့ဘဝတွင် အံဝင်ခွင်ကျနေထိုင်နိုင်ရန် အတတ်ပညာရော၊ အသိပညာပါ တတ်သိဖို့ လိုအပ်သည်။ အတတ်ပညာရှိပါက မိမိဘဝ၏ နေထိုင်စားသောက်မှုအတွက် သက်သောင့်သက်သာ လုပ်ကိုင်နိုင် ပေလိမ့်မည်။

အတတ်ပညာသည် ဘဝအတွက်အရေးပါသော လိုအပ်ချက် တစ်ခုမှုဖြစ်ပါလိမ့်မည်။ အတတ်ပညာထူးချွန် ထက်မြက်သည်နှင့်အမျှ ရှိသင့်ရှိထိုက်သော ကျင့်ဝတ်သိက္ခာ၊ အသိပညာများလည်း ထပ်မံလိုအပ်သည်။ ၎င်းအသိပညာသည်လည်း လူ့ဘဝတွင်အရေးပါသော လိုအပ်ချက်များ ဖြစ်သည်။ ကျန်းမာအသက်ရှည်အောင် နေထိုင်ရမည့်နည်းလမ်း၊ လူလူချင်း ပေါင်းသင်းဆက်ဆံရမည့် နည်းလမ်း၊ ပတ်ဝန်းကျင်နှင့် ရပ်ရွာအကျိုး သယ်ပိုးရမည့်နည်းလမ်း စသည့် အသိတရားများကို ကျေပွန်စွာ ရွက်ဆောင်နိုင်ပေလိမ့်မည်။

လူတစ်ဦးသည် မိမိ၏စားဝတ်နေရေး၊ မိမိအကျိုးစီးပွားမျှကိုသာ စဉ်းစားဆောင်ရွက်နေ၍မရပေ။ လူ့ဘောင်လောကကိုလည်း အကျိုးပြုရန်လိုအပ်သည်။ အတ္တနှင့်ပရကိုမျှတအောင်လုပ်ရမည်။ သို့မှသာ လူဖြစ်ရကျိုး နပ်ပေလိမ့်မည်။ လူတော်ဖြစ်သော်လည်း လူကောင်းဟု မဆိုနိုင်ပါ။ လူတစ်ယောက်သည် တော်ရုံဖြင့် ၎င်းအတွက်ရော၊ ပတ်ဝန်းကျင်နှင့် နိုင်ငံအတွက်ပါ အပြည့်အဝ အကျိုးမပြုနိုင်ပေ။ လူကောင်းတစ်ယောက်ဖြစ်မှသာ အကျိုးတရားများ ပိုမိုပွားများနိုင်ပေသည်။

အသိပညာသည် လူ့ဘဝအတွက် တန်ဖိုးအနန္တရှိလှသည်။ မြန်မာစကားပုံတွင်လည်း **“အလိမ္မာ စာမှာရှိ”**၊ **“ပညာလို အိုသည်မရှိ”**၊ **“ဥစ္စာကံစောင့်”**၊ **“ပညာရှာ ပမာသူဖုန်းစား”**စသဖြင့် ပညာနှင့်ဆိုင်သော ဆိုရိုးစကားများ ရှိပြီးဖြစ်သည်။ ဗဟုသုတအသိပညာ ရှာဖွေဖတ်ရှုလေ့လာခြင်းဖြင့် လူ့ဘောင်ကောင်းကျိုး သယ်ပိုးစွမ်းဆောင်နိုင်ပေလိမ့်မည်။

ယနေ့အခါတွင် အတတ်ပညာ ပြည့်ဝသော်လည်း အသိပညာ အားနည်းသဖြင့် မှားယွင်းသော အတွေးအခေါ်အယူအဆများကြောင့် မလုပ်သင့်သည်များ

အေးချမ်း

လုပ်မိပြီး မဖြစ်သင့်သည်များ ဖြစ်နေကြသည်ကို တွေ့မြင်ကြားသိနေရသည်။

မိမိတို့လူမျိုး၌ ယဉ်ကျေးမှု ဓလေ့စရိုက်ဆိုသည်မှာ ရှိပြီးသားပင်။ အရှက်အကြောက်တရားနှစ်ပါး ထိန်းသိမ်းကြရမည် ဖြစ်သည်။ သို့မှသာ မိမိဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားမြင့်မားပြီး ကျရောက်လာနိုင်မည့် အန္တရာယ်ကို ကာကွယ်တားဆီး နိုင်ကြမည်ဖြစ်သည်။ ယခုမူအန္တရာယ်ကို လက်ယပ်ခေါ်သကဲ့သို့ ဖြစ်နေသည်။

အမျိုးဘာသာ သာသနာကို စောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဓလေ့စရိုက်ကို ထိန်းသိမ်းခြင်း၊ တိုင်းချစ် ပြည်ချစ်စိတ်၊ လူမျိုးချစ်စိတ်၊ အမျိုးသားရေး စိတ်ဓာတ်များကို အမျိုးသားရေးအသိဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရမည်။ ဗဟုသုတအတွေ့အကြုံမှရသော တွေးခေါ်မြော်မြင်မှု၊ ယုံကြည်ချက်၊ ခံယူချက်တို့ဖြင့် ပြုပြင်ကြရမည်။ လူတို့၏ ကျင့်ဝတ်သိက္ခာဆိုသည်မှာ စာပေများတွင် ရှိထားပြီးသားဖြစ်သည်။ လေ့လာဖတ်ရှုခြင်းဖြင့် တွေးခေါ်ဆင်ခြင်နိုင်ကြမည် ဖြစ်သည်။

မိမိတို့နိုင်ငံသည် အတိတ်ကာလတွင် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသဖြင့် အတိုင်းအတာတစ်ခုအထိ အခြားနိုင်ငံများထက် အရာရာနောက်ကျ ကျန်ရစ်ခဲ့ရသည်။ ကိုလိုနီ နယ်ချဲ့စနစ်ဆိုး၏ ဒဏ်ကြောင့် လူစွမ်းလူစတွေ ကျဆင်းပြီး မလုပ်တတ်၊ မကိုင်တတ်၊ မတွေးတတ်၊ မခေါ်တတ်ဖြစ်ကာ ဆုံးရှုံးနစ်နာမှုတွေ ရှိခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးကျန်ရစ်ခဲ့သည်။ ယခုအခါ နိုင်ငံတော်အစိုးရက အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမြှင့်တင်နေသည်။ ယနေ့နိုင်ငံတော်တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးစသည့် ဘက်ပေါင်းစုံမှ တိုးတက်နေပြီဖြစ်သည်။ ယင်းတို့ကို ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထု တစ်ရပ်လုံးအပေါ်တွင် တာဝန်ကျရောက်လျက်ရှိသည်။ ပြည်သူလူထုတစ်ရပ်လုံးက အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်၊ စိတ်ဓာတ် စေတနာကောင်းတို့ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

ယနေ့နိုင်ငံတော်က ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအား အရင်းအမြစ်များ (Human Resources) မြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိရာ ဆရာဝန်ဖြစ်ရမည်လား၊ ကွန်ပျူတာ တတ်မြောက်ရမည်လား၊ အင်ဂျင်နီယာဖြစ်မည်လားဟု မေးစရာရှိသည်။ တစ်စိတ်တစ်ပိုင်းမျှသာ မှန်၍ ထို့ထက်အရေးကြီးသည်မှာ လူများ၏ အသိစိတ်ဓာတ် ဖြစ်သည်။ အသိတရား ခံယူချက် စိတ်ဓာတ်များ ကောင်းပါမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်။ စာတတ်ခြင်း၊ အတတ်ပညာတတ်ခြင်းတို့သာမက အသိပညာ အများကြီးလိုအပ်သည်။ အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်တွေ ပြည့်ဝကြမှသာ စွမ်းအားပြည့်ဝလာမည် ဖြစ်သည်။ သို့မှသာ မိမိအတွက်သာမက နိုင်ငံနှင့်လူမျိုးအတွက်ပါ သယ်ပိုးနိုင်ကြပေလိမ့်မည်။

ထို့ကြောင့် **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နေစေရန်နှင့် အနာဂတ် နိုင်ငံတော်အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးသည် အကျင့်စာရိတ္တ၊ အတွေးအခေါ်၊ အယူအဆ၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးတို့ကို အကျိုးပြုလိုသည့် စိတ်ဓာတ်များ ပြည့်ဝထက်သန်နေကြရမည်ဖြစ်သည်။ ၎င်းတို့ကိုရရှိစေမည့် အသိပညာများကို လေ့လာရှာဖွေဖတ်ရှု မှတ်သားပြီး မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးပြုနိုင်ကြမည့် လူကောင်းလူတော်များဖြစ်အောင် စိတ်ဓာတ်စေတနာကောင်းဖြင့် ကြိုးစားကျင့်ကြံသွားသင့်**ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နေစေရန်နှင့် အနာဂတ်နိုင်ငံတော်အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးသည် အကျင့်စာရိတ္တ၊ အတွေးအခေါ်၊ အယူအဆ၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးတို့ကို အကျိုးပြုလိုသည့် စိတ်ဓာတ်များ ပြည့်ဝထက်သန် နေကြရမည် ဖြစ်သည်။ ၎င်းတို့ကို ရရှိစေမည့် အသိပညာများကို လေ့လာရှာဖွေ ဖတ်ရှု မှတ်သားပြီး မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့် လူမျိုးအတွက်ပါ အကျိုးပြု နိုင်ကြမည့် လူကောင်းလူတော်များဖြစ်အောင် စိတ်ဓာတ်စေတနာကောင်းဖြင့် ကြိုးစားကျင့်ကြံသွားသင့်။

ဟန်လင်းမြို့ဟောင်းကို ထပ်မံတူးဖော် သုတေသနပြု တွေ့ရှိချက်များအရ ပျူယဉ်ကျေးမှုထွန်းကားသည့် ကာလမတိုင်မီကပင် လူသားများ နေထိုင်ခဲ့

မြန်မာ့သမိုင်းမတိုင်မီခေတ် ယဉ်ကျေးမှု ကွင်းဆက်အဖြစ်တန်ဖိုးကြီးမား

နေပြည်တော် ဩဂုတ် ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနသည် လူမှုရေး ဦးတည်ချက် (၄) ရပ်အနက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော ဦးတည်ချက်ဖြင့် ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု အထောက်အထားများကို ရှာဖွေဖော်ထုတ်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းမြို့ဟောင်း၏ ကုန်းအမှတ် ၂၇ နှင့် ၂၈ တို့ကို ဆက်လက်တူးဖော် သုတေသနပြုခဲ့သည်။

အထောက်အထားများရှိ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းကျေးရွာရှိ ဟန်လင်းပျူမြို့ဟောင်းကို ၁၉၆၃-၁၉၆၄ခုနှစ်မှ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ကုန်းပေါင်း ၂၆ကုန်း တူးဖော် သုတေသနပြုခဲ့ပြီးဖြစ်သည်။ ကုန်းအမှတ် ၂၅ နှင့် ၂၆တို့ကို တူးဖော် သုတေသနပြုမှုများအရ ဟန်လင်းမြို့ဟောင်း အပြင်ဘက်ကပ်လျက် တောင်ဘက်အခြမ်း ပတ်ဝန်းကျင်၌ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် အထောက်အထားများရှိကြောင်း သိရှိခဲ့ရပြီးဖြစ်သည်။

သုတေသနပြုတွေ့ရှိ

ယခု တူးဖော်မှုလုပ်ငန်း ပြုလုပ်သည့် ကုန်းအမှတ် ၂၇၌ စတုဂံပုံရှိသော အဆောက်အအုံပန္နက်၏ အနားလေးဖက် အနက် သုံးဖက်ကို တူးဖော်တွေ့ရှိခဲ့ပြီး တူးဖော်တွေ့ရှိရသော ရှေးဟောင်းအဆောက်အအုံကြီး၏ပန္နက်ကို လေ့လာရခြင်းအားဖြင့် ပျူလူမျိုးတို့သည် လုံခြုံရေးအတွက် စနစ်တကျ တည်ဆောက်ထားကြောင်း ခန့်မှန်းရသည်။ တူးဖော်တွေ့ရှိရသော မြေထည်ပစ္စည်းများတွင် မြေအိုးနှင့် မြေပန်းကန်များမှာ သုတေသနပြုပြီးဖြစ်သော သံခေတ်ယဉ်ကျေးမှုဒေသများ ဖြစ်သည့် မြို့လှ၊ အင်းတဲ၊ ထန်းတပင်၊ ရွာထင်၊ ထုံးဘို၊ ဥမင်တို့မှ တွေ့ရှိရသော ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများနှင့် ဆင်တူကြောင်း တွေ့ရှိရသည်။ ကုန်းအမှတ် ၂၈မှ လူအရိုးစု ၃၇ခု၊ ရေတကောင်းပုံ မြေအိုး၊ ထန်းရည်အိုးပုံမြေအိုး၊ ဆလင်ဒါပုံ မြေအိုး၊ ဘူးသီးပုံ မြေအိုးများ၊ သံလက်နက်များ၊ ကြေးလက်နက်တစ်ခု၊ ကြေးနန်းထုပ်များ၊ ကျောက်ပုတီးစေ့များ၊ အရိုးပုတီးစေ့များ၊ အရိုးကွင်းများ၊ တိရစ္ဆာန်အရိုး အပိုင်းအစများ၊ ကျောက်ချောတုံးများ၊ ဖန်ပုတီးစေ့များ၊ ယောက်သွားခွံများကို သုတေသနပြု တွေ့ရှိရသည်။

လူအရိုးစုများကို လေ့လာရာတွင် အရှေ့ဘက်အရပ်သို့ ဦးခေါင်းပြု၍ စနစ်တကျမြှုပ်နှံထားသည်ကို တူးဖော်တွေ့ရှိရခြင်းအားဖြင့် ပျူလူမျိုးစုတို့၏ သင်္ချိုင်းရာဟု သုံးသပ်ရသည်။

ခန့်မှန်းသိရှိနိုင်

တိရစ္ဆာန်အရိုး၊ ယောက်သွားခွံနှင့် ကျောက်ချောတုံးများ ထည့်သွင်းထားသော မြေအိုးကြီးများကို တွေ့ရှိခြင်းဖြင့် ဓလေ့ထုံးစံအရ သေဆုံးသူအတွက် စားသောက်စရာထည့်ပေးသည့် အိုးများဖြစ်နိုင်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။

တန်ဖိုးကြီးမား

ဟန်လင်းမြို့ဟောင်းကို ထပ်မံတူးဖော် သုတေသနပြု တွေ့ရှိချက်များအရ မြို့ဟောင်းတစ်နေရာတည်း၌ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်မှစ၍ ယနေ့ခေတ်တိုင် ခေတ်အဆက်ဆက် ယဉ်ကျေးမှုထွန်းကားသော နေရာဖြစ်ကြောင်း၊ ပျူယဉ်ကျေးမှုထွန်းကားသည့်ကာလ မတိုင်မီကတည်းကပင် ယင်းဒေသ၌ လူသားများ အစဉ်အဆက်နေထိုင်ခဲ့မှုကို တွေ့ရှိရကြောင်းနှင့် အဆိုပါ သုတေသနပြု တွေ့ရှိချက်များသည် မြန်မာ့သမိုင်းမတိုင်မီခေတ် ယဉ်ကျေးမှု၏ ကွင်းဆက်အဖြစ် တန်ဖိုးကြီးမားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးဖမ်းစက်လှေ တည်ဆောက်မှု ကျွမ်းကျင်သူများအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂၁

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ပြည်နယ်နှင့်တိုင်းများမှငါးဖမ်းစက်လှေတည်ဆောက်မှု ကျွမ်းကျင်သူများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၉ ရက် ညပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ငါးဖမ်းစက်လှေတည်ဆောက်မှု ကျွမ်းကျင်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း **(အပေါ်ပုံ)**နှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကား

ဆက်လက်၍ တက်ရောက်လာသူများကိုယ်စား ငါးဖမ်းစက်လှေတည်ဆောက်မှု ကျွမ်းကျင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပြည်နယ်နှင့်တိုင်းများမှ လှေတည်ဆောက်မှု ကျွမ်းကျင်သူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သော ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၌ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ကျောင်းနေရန်ခက်ခဲသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ဖျာပုံမြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ ဆုများချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက ဖျာပုံမြို့နယ်အတွင်း ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းဆုရ ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ မြန်မာစာဂုဏ်ထူးရရှိစေရန် သင်ကြားပေးသော ဆရာမဂုဏ်ပြုဆုနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသူတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဒေသခံအလှူရှင်များက အောင်ချက်ကောင်းစာသင်ကျောင်းဆုများ၊ ဆရာဆရာမ သင်ကြားမှု ထူးချွန်ဆုနှင့် ဘာသာရပ်အလိုက် ဂုဏ်ထူးရ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက်ဝန်ကြီးက ဒေသတွင်း၌ ကျောင်းနေရန်အခက်အခဲရှိသောကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံသည်။

ထို့နောက် ဖျာပုံမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရန် ရန်ကုန်မြို့နေ ဦးအောင်ဇော်မြင့်နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ဆရာ ဆရာမများအတွက် ဂုဏ်ပြုရန် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့်ကငွေကျပ်၂၃သိန်းကိုအလှူရှင်ကိုယ်စား ယုဇနဆောက်လုပ်ရေးအဖွဲ့မှ ဦးလှဝင်းက လည်းကောင်း၊ ဖျာပုံမြို့နယ် ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ် နှစ်သိန်း၊ ပင်လယ်ကျားပိုက် လုပ်ငန်းရှင်များအသင်းက ငွေကျပ်တစ်သိန်းတို့ကို သက်ဆိုင်ရာ အလှူရှင်များကလည်းကောင်း ပေးအပ်လှူဒါန်းရာ ဝန်ကြီးကလက်ခံသည်။

လှူဒါန်းငွေ

ထို့နောက် တာဝန်ရှိသူတို့က ငွေကျပ်တစ်သိန်း အလှူရှင်နှင့် ငွေကျပ်ငါးသောင်း အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံကြသည်။

ဖျာပုံမြို့နယ်အနေဖြင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးတစ်ဦး၊ ငါးဘာသာဂုဏ်ထူး သုံးဦး၊ လေးဘာသာဂုဏ်ထူး လေးဦး၊ သုံးဘာသာဂုဏ်ထူးနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၂ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၇၉ဦး စုစုပေါင်း ၁၀၁ ဦးရရှိကြပြီး ဖျာပုံမြို့နယ်မှ ကျောင်းနေရန်ခက်ခဲသော ကျောင်းသား ကျောင်းသူ ၃၄၉ ဦးအတွက် အထက်တန်း၊ အလယ်တန်း ကျောင်းသားတစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်း၊ မူလတန်း ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၈ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်(၄) ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်နိုင်

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ ဆရာမများနှင့် အငြိမ်းစားယူပြီးသော ဆရာဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင် လည်းကောင်း၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစား ဆရာ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများသည် အထက်တန်းအဆင့်တွင် ပါဝင်သည်။

ရေးသား

ဆောင်းပါးခေါင်းစဉ်မှာ ဆရာ့ပီတိဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်းရေးသားရမည်။ စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးသားရမည်။ စာမျက်နှာတပ်ရမည်။ စာမူနောက်ကျောတွင် ရေးသူအမည်၊ ပညာ အရည်အချင်း၊ ရာထူးနှင့် ကျောင်း၊ အိမ်လိပ်စာကို ဖော်ပြရမည်ဖြစ်သည်။

စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ(၁ $\frac{၁}{၂}$" x ၂") သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်သွင်းပြီး ဦးထွန်းလှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းသို့ စက်တင်ဘာ ၁၀ရက်နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင် မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၈ခုနှစ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမညအားကစားပြိုင်ဝင်း၌ကျင်းပပြီး ဖက်တန်းရပ်ကွက် ဘောလုံးအသင်းနှင့် ငန်းတေးကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖက်တန်းရပ်ကွက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ထို့နောက်ဆုပေးပွဲကိုကျင်းပရာ မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ပထမနှင့်တံခွန်စိုက်ဆုရ ဖက်တန်းရပ်ကွက် ဘောလုံးအသင်းအား ဆုများပေးအပ်ချီးမြှင့်ကြောင်း**(အပေါ်ပုံ)**သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ဂေါ်ဇီလာခြင်ဆေးခွေနှင့် လှေသုံးစင်းလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ အလှူရှင် ဦးရဲလင်း (မန်နေဂျင်း ဒါရိုက်တာ ဂေါ်ဇီလာ ခြင်နိုင်ဆေးစက်ရုံ)က ငွေကျပ် ၂၈သိန်းတန်ဖိုးရှိ ခြင်ဆေးခွေ အထုပ် ၈၀၀၀ နှင့် အလှူရှင် ဗိုလ်ကြီးဇာနည်ထွန်း၊ဗိုလ်ကြီး သန်းဝင်းအောင်၊ ဗိုလ်ကြီးသူရိန်ရဲထွဋ်၊ ဗိုလ်ကြီးဇော်မိုးနှင့် ညီအစ်ကို သူငယ်ချင်းများက လှေသုံးစင်းအတွက် ငွေကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး**(အပေါ်ပုံ)**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

Tip Top စက်ဆီ၊ ချောဆီများ စတင်ဖြန့်ချိသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

U.A.E နိုင်ငံမှ ထုတ်လုပ်ပြီး Lucky Choice Co.,Ltd.မှမြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်း ဖြန့်ချိသော Tip Topအမှတ်တံဆိပ် စက်ဆီ၊ ချောဆီနှင့် အင်ဂျင်ဝိုင်များအား စတင်ဖြန့်ချိသည့်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Lucky Choice Co.,Ltd. ရုံးခန်း၌ကျင်းပရာ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် Lucky Choice Co.,Ltd. မှ ဒါရိုက်တာဦးကျော်ထွန်းက အမှာစကားပြောကြားသည်။ Tip Top အမှတ်တံဆိပ်စက်ဆီ၊ချောဆီနှင့်အင်ဂျင်ဝိုင်များကို ရန်ကုန်မြို့တွင် အမှတ်(၁၉/ ၂၁) မြယာကုန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ဖုန်း-၂၉၀၇၀၈၊၀၉-၅၀-၆၀၁၂၁ တို့၌ လည်းကောင်း၊ မန္တလေးမြို့တွင် အမှတ်(၈/၃၇) ကျွဲဆည်ကန် (၆)လမ်း ချမ်းမြသာယာရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် ဖုန်း-၀၂-၇၀၄၁၂၅၌လည်းကောင်း ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

Tip Top အမှတ်တံဆိပ် စက်ဆီ၊ ချောဆီနှင့် အင်ဂျင်ဝိုင်များကို အရောက်ပို့စနစ်ဖြင့် ဖြန့်ချိပေးလျက်ရှိပြီး မှာကြားဝယ်ယူနိုင်သော အမျိုးအစားများမှာ 15/ 40 CG4/ SJ,20/ 50 CG4/ SJ,20/ 50 SF/ CC, Hydraulic 68, Hydraulic 46, SAE 40, SAE 50 တို့ဖြစ်သည်။ ရေနံအရည်အသွေးကောင်းများထွက်ရှိရာ U.A.E နိုင်ငံမှ ထုတ်လုပ်ထားသဖြင့် ဝယ်ယူသုံးစွဲသူများအနေဖြင့် စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်စီစဉ်မှုဖြင့် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက်က မရမ်းကုန်းမြို့နယ် အထက(၄)၌ ကျင်းပရာ မြို့နယ်ဂီတအစည်းအရုံးအတွင်းရေးမှူး အဆိုတော် ဆုမွန်ကျော် ဟောပြောစဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ဟားခါးစည်ပင်သာယာရေပိုက်လိုင်းသစ်သွယ်တန်း

ချင်းပြည်နယ် ဟားခါးမြို့တွင် မကြာမီဖွင့်လှစ်တော့မည့် အစိုးရစက်မှုလက်မှုသိပ္ပံ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသော ရေစုကန်နှင့် ရေပိုက်လိုင်းသစ် သွယ်တန်းခြင်းလုပ်ငန်းကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတမ်အောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

(ပြည်နယ် ပြန်/ဆက်)

မိုင်းဖြတ်စည်ပင် ကတ္တရာခင်းရန် ကျောက်စုဆောင်း

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဈေးတန်းရပ်ကွက် ခတ္တာလမ်းကို ကတ္တရာခင်းရန်အတွက် ဩဂုတ် ၄ ရက်က ကျောက်များစုဆောင်းနေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

သာယာဝတီစည်ပင်အဖွဲ့ စားသောက်ဆိုင်များစစ်ဆေး

သာယာဝတီမြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စားသောက်ဆိုင်များ တည်ခင်းရောင်းချမှု၊ အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ်မှုရှိမရှိ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ရောင်းချမှုရှိမရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်နိုင်မိုးနှင့်အဖွဲ့ ကွင်းဆင်း စစ်ဆေးခဲ့သည်။ (မြို့နယ်စည်ပင်)

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ကယားပြည်နယ် ဒီမောဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၈)ဆင်းပွဲကို ဇူလိုင်၂၅ရက် ညနေ၃နာရီက မြို့နယ်ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမြင့်ဝေက ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

ဓာတ်ပုံအစည်းအရုံးဖွဲ့ စည်းနိုင်ရေး ရွှေဘိုခွဲဆွေးနွေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ရွှေဘိုခရိုင်အတွင်းရှိ ဓာတ်ပုံလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဓာတ်ပုံအစည်းအရုံး ဖွဲ့စည်းနိုင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၂ရက် မွန်းလွဲ၁နာရီက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

(ခရိုင် ပြန်/ဆက်)

မန်စီဒ္ဓ ကြက်ဆူစပေါင်းစိုက်ပျိုးပွဲ

၂၀၀၈ခုနှစ် မိုးရာသီကြက်ဆူစပေါင်း စိုက်ပျိုးပွဲကို ဇူလိုင် ၂၇ရက် နံနက် ၈ နာရီက မန်စီမြို့နယ် မန်သာကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသန်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်ရွှေနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြပြီး ကြက်ဆူပျိုးပင်များကို သတ်မှတ်နေရာတွင် စပေါင်းစိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

မြိုင်မြို့နယ်စည်ပင်သာယာအဖွဲ့ အုတ်ခုံခံသစ်သားတံတား တည်ဆောက်

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် အနော်ရထာလမ်းနှင့် အမှတ်(၁)လမ်းဆုံ အုတ်ခုံခံသစ်သားတံတား တည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၁၂ ရက်က အမှုဆောင်အရာရှိဦးမောင်မောင်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ဦးဝင်းမင်းစိုးတို့ ကွင်းဆင်း စစ်ဆေးခဲ့သည်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များခိုင်မာရေး တောင်ညွန့်၌ဟောပြော

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)တွင် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဟောပြောပွဲကို ဩဂုတ်၂ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်များအရေးပါမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ပတ်သက်၍ ဟောပြောသည်။ (၁၁၄)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ အရည်အသွေးတိုးတက်မြင့်မားလာ

ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူတစ်ဦးအဖြစ် မြန်မာနိုင်ငံမှ သတင်းကောင်းခရီးသွားလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာဦးမြတ်ဝဏ္ဏ ရွေးချယ်ခံရ

စေ့ငုမေးမြန်းသူ- မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း



Conde Nast Traveler မဂ္ဂဇင်း၏ ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ ၁၂၈ဦး ရွေးချယ်မှုနှင့် ပတ်သက်သတင်းဖော်ပြချက်။

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းကို လုပ်ကိုင်နေကြသူများ၏ အရည်အသွေး တိုးတက်မြင့်မားလာမှုသည်လည်း ကမ္ဘာ့အဆင့်အတန်း မီလာပြီဖြစ်သည်။ ယင်းမှာ လုပ်ငန်းကျွမ်းကျင်လာမှုနှင့် ထိုးထွင်းလုပ်ကိုင်တတ်သည့် အရည်အချင်းများကြောင့်လည်း ပါဝင်သည်။

ပါဝင်

"၂၀၀၈ခုနှစ်၏ ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူ ၁၂၈ဦး စာရင်းကို Conde Nast Traveler မဂ္ဂဇင်းကဖော်ပြခဲ့ရာတွင် မြန်မာနိုင်ငံမှ သတင်းကောင်း ခရီးသွားလုပ်ငန်း (Good News Travels) ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်ဝဏ္ဏလည်း ပါဝင်ခဲ့သည်။ ထို့ကြောင့် ဦးမြတ်ဝဏ္ဏနှင့်တွေ့ဆုံကာ ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူ တစ်ဦးအဖြစ် ရွေးချယ်ခံရမှုအပေါ် မေးမြန်းခဲ့သည်။

ကြိုတင်မသိခဲ့

"မိမိကိုယ်ပိုင် ခရီးသွားလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့တာကတော့ ၂၀၀၁ခုနှစ်က ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး ၁၉၉၈ ခုနှစ်က ဘယ်လ်ဂျီယံနိုင်ငံကချီးမြှင့်တဲ့ ပညာသင်ဆုနဲ့ ဥရောပနိုင်ငံများမှာ လေ့လာဆည်းပူးခဲ့ပြီးမှ ဒီလုပ်ငန်းကို လုပ်ကိုင်ဖြစ်တာပါ။ ဒီလိုရွေးချယ်ခံရတာကို ကျွန်တော် ကြိုတင် မသိခဲ့ပါဘူး။ မကြာခင်ကမှ သိရှိခဲ့ရတာပါ" ဟု ဦးမြတ်ဝဏ္ဏက ပြောကြားသည်။

လုပ်ကိုင်ဖြစ်ခဲ့

တစ်ဖန် ခရီးသွားလုပ်ငန်းလုပ်ကိုင်ခဲ့မှု ရည်ရွယ်ချက်နှင့် ပတ်သက်၍လည်း **"ကျွန်တော်တို့နိုင်ငံမှာ ပင်ကိုရှိထားနှင့်ပြီးဖြစ်တဲ့ တခြားနိုင်ငံတွေနဲ့လည်း ယှဉ်နိုင်တဲ့ ယဉ်ကျေးမှုအဆောက်အအုံတွေ၊ တိုင်းရင်းသားလူမျိုးတွေရဲ့ ဓလေ့စရိုက်နဲ့ ပွဲတော်တွေ၊ သဘာဝအလှအပတွေကို ဖော်ထုတ်ပြသနိုင်ရင် နိုင်ငံ့အကျိုး စီးပွားရော မိမိအကျိုးစီးပွားပါ ဖြစ်ထွန်းနိုင်မယ်လို့ တွေးပြီး ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဖြစ်ခဲ့တာပါ"** ဟု ဦးမြတ်ဝဏ္ဏက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယခုကဲ့သို့ ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူ ၁၂၈ဦးကို ရွေးချယ်ရာတွင် မည်သည့်အချက်များပေါ် မူတည်ရွေးချယ်မှုနှင့် ပတ်သက်၍လည်း **"ကျွန်တော်သိရသလောက်တော့ အချက် ငါးချက်ရှိမယ် ထင်ပါတယ်။ ရွေးချယ်တဲ့အခါ အင်တာနက်နဲ့ ခရီးသွားလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှု အားသာချက်ရှိရမယ်။ ကမ္ဘာလှည့်ခရီးသွားများကို လက်တွေ့ကျတဲ့ အကြံပြုချက်တွေပေးနိုင်ရမယ်။ ဒေသတွင်း အဆက်အသွယ်ကောင်းတွေရှိရမယ်။ ဝန်ဆောင်ခထက် သာလွန်သော ဝန်ဆောင်မှုကို ပေးနိုင်ရမယ်။ နှစ်ကြာရှည်စွာ ခရီးသွားလုပ်ငန်းမှာ အတွေ့အကြုံရှိသူ ဖြစ်ရမယ်ဆိုတဲ့ အချက်တွေအပေါ် အခြေခံပြီး ရွေးချယ်ပါတယ်"** ဟု ဦးမြတ်ဝဏ္ဏက ဆက်လက်ရှင်းပြသည်။

ဘက်လိုက်မှုမရှိ

Conde Nast Traveler မဂ္ဂဇင်းမှ တာဝန်ရှိသူများသည် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ကမ္ဘာလှည့်ခရီးသွားများအဖြစ် သွားရောက်ကာ ခရီးသွားလုပ်ငန်းများ၏ ဝန်ဆောင်မှုများကိုလေ့လာသကဲ့သို့ ယခင်က သွားလာခဲ့သည့် ကမ္ဘာလှည့် ခရီးသည်များကိုလည်း ခရီးသွားလုပ်ငန်းများရဲ့ ဝန်ဆောင်မှုအရည်အသွေးနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်။ ထိုသို့ အချက်များဖြင့် ဘက်လိုက်မှု လုံးဝမရှိသော တင်ပြချက်များကို အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသိအမှတ်ပြုမှုရရှိနေ

သတင်းကောင်း ခရီးသွားလုပ်ငန်း (Good News Travels) အနေဖြင့် လက်ရှိအခြေအနေ ပြည်ပနှင့် ဆက်စပ်လုပ်ကိုင်နေမှုများအပေါ် မေးမြန်းရာတွင် ဦးမြတ်ဝဏ္ဏက **"ကျွန်တော်တို့ အနေနဲ့ အဓိကဈေးကွက်သုံးခုနဲ့ ဆက်စပ်ဆောင်ရွက်နေပါတယ်၊ အဲဒီ ဧရိယာတွေကတော့ မြောက်အမေရိကတိုက်၊ အာရှ-ပစိဖိတ်ဒေသနဲ့ ဥရောပနိုင်ငံတွေ ဖြစ်ပါတယ်၊ ခရီးသွားလုပ်ငန်းစတင်လုပ်ကိုင်တဲ့ ပထမ သုံးနှစ်အတွင်းမှာ အရှိန်ယူပြီး ပြည်ပခရီးသွား လုပ်ငန်းတွေနဲ့ ထိတွေ့မှုတွေရယူပြီး လုပ်ကိုင်ခဲ့လို့ အခုဆိုရင် ပြည်ပအေဂျင်စီတွေ၊ ခရီးသွားလုပ်ငန်း တွေရဲ့ အသိအမှတ်ပြုမှုကို ရရှိနေပါပြီ"** ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

သတင်းကောင်း ခရီးသွားလုပ်ငန်း အနေဖြင့် ကနေဒါနှင့် အမေရိကန်နိုင်ငံများမှ ခရီးသွားများ အများဆုံးလက်ခံရရှိပြီး ဩစတြေးလျနှင့် အာဆီယံဒေသများမှ ခရီးသွားများ ဒုတိယအများဆုံး လက်ခံရရှိကာ တတိယအနေဖြင့် ဥရောပနိုင်ငံများမှ ခရီးသွားများကိုလည်း လက်ခံရရှိ ဝန်ဆောင်မှု ပေးနေရကြောင်း သိရသည်။

ယခုရွေးချယ်လိုက်သည့် ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူ ၁၂၈ဦးတွင် အာဖရိကမှ ၁၁ဦး၊ အမေရိကတိုက်မှ ၁၈ဦး၊ အာရှမှ ၁၄ဦး၊ ဥရောပမှ ၃၁ဦး၊ အရှေ့အလယ်ပိုင်းမှ သုံးဦး၊ ပစိဖိတ်ဒေသမှ သုံးဦး၊ အမေရိကန် ခရီးသွားလုပ်ငန်းမှ၁၁ဦး၊ ဇိမ်ခံသင်္ဘောခရီးစဉ်ဝန်ဆောင်မှုလုပ်ငန်းများမှ ၁၄ဦး၊ အားကစားနှင့် စွန့်စွန့်စားစားခရီးသွား ကျွမ်းကျင်သူ ရှစ်ဦး၊ ရည်ရွယ်ချက် သီးသီးသန့်သန့်ဖြင့် ခရီးသွားသူများ၏ ခရီးသွားလုပ်ငန်းများမှ ၁၅ဦး တို့ပါဝင်ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ ၁၂၈ဦးအနက်မှ တစ်ဦးအဖြစ် ရွေးချယ်ခြင်းခံရမှုနှင့် ပတ်သက်၍ သတင်းကောင်းခရီးသွားလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်ဝဏ္ဏက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ကျွန်တော်တို့နိုင်ငံမှာ ပင်ကိုရှိထားနှင့်ပြီးဖြစ်တဲ့ တခြားနိုင်ငံတွေနဲ့လည်း ယှဉ်နိုင်တဲ့ ယဉ်ကျေးမှု အဆောက်အအုံတွေ၊ တိုင်းရင်းသား လူမျိုးတွေရဲ့ ဓလေ့စရိုက်နဲ့ ပွဲတော်တွေ၊ သဘာဝအလှအပတွေ ကို ဖော်ထုတ်ပြသနိုင်ရင် နိုင်ငံ့အကျိုးစီးပွားရော မိမိအကျိုးစီးပွားပါ ဖြစ်ထွန်းနိုင်မယ်လို့ တွေးပြီး ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဖြစ်ခဲ့တာပါ။

အနေအထားပြောင်းလာ

သတင်းကောင်း ခရီးသွားလုပ်ငန်း (Good News Travels) အနေဖြင့် ခရီးသွားများအတွက် ထူးထူးခြားခြား စီစဉ်ထားမှုများနှင့် ပတ်သက်၍လည်း **"ယခုအချိန်မှာ ကမ္ဘာလှည့်ခရီးသွားတွေရဲ့ ခရီးသွားခြင်းမှ ရရှိလာမည့် ရလဒ်အပေါ် ထားရှိသည့် သဘောထား ပြောင်းလာပြီ ဖြစ်ပါတယ်။ ခရီးစဉ်တစ်ခုကိုသွားတဲ့အခါ ဒေသခံတွေရဲ့ ဓလေ့၊ တွေးခေါ်ယုံကြည်မှု နေ့စဉ်ဘဝနှင့် ပွဲတော် ဆင်နွှဲပုံတွေကို ကြည့်ပြီး၊ ၄င်းတို့ဘဝ နေထိုင်မှုအပေါ်မှာ ဘယ်လိုအကျိုးပြု ထင်ဟပ်မှုတွေ ဖြစ်ထွန်းလာနိုင်လဲဆိုတဲ့ အတွေးမျိုးနဲ့ ခရီးစဉ်ဒေသတွေကို ရွေးချယ်ကြပါတယ်။ သဘာဝရှုခင်း၊ ယဉ်ကျေးမှုဒေသများကို သာမန်အားဖြင့် သွားရောက်ကြည့်ရှုရုံသက်သက်မျှမဟုတ်ဘဲ ဒေသခံတွေရဲ့ လူနေမှုပုံစံများမှာ ပိုမိုခံစားထိတွေ့နားလည်ပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲတာတွေကို ပိုစိတ်ဝင်စားလာကြပါတယ်။ ဒီအချက်တွေကို ထင်ဟပ်ဖော်ဆောင်တဲ့ မည်သည့်ခရီးစဉ်မဆို ကမ္ဘာလှည့် ခရီးသွားများ၏ ကြိုက်နှစ်သက်မှုကို ရရှိမှာသေချာပါတယ်"** ဟု ဦးမြတ်ဝဏ္ဏက ဆက်လက် ရှင်းပြသည်။

မှန်ပါသည်။ ကမ္ဘာလှည့်ခရီးသွားများ၏ အနေအထားသည် တဖြည်းဖြည်း ပြောင်းလဲလာပြီဖြစ်ရာ ပြောင်းလဲလာမှုနှင့်အညီ ဝန်ဆောင်မှုပေးမှသာ ခရီးသွားများ ကျေနပ်မှုရှိမည်၊ ယုံကြည်မှုရှိမည်၊ လာရောက်လည်ပတ်မှုများ တိုးတက်လာမည်ဖြစ်သည်။ ထိုသို့ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး **"ကျွန်တော်တို့ သတင်းကောင်း ခရီးသွားလုပ်ငန်း အနေနဲ့ကတော့ ကမ္ဘာလှည့်ခရီးသွားတွေကို ဝန်ဆောင်မှုပေးတဲ့အခါ ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးအောင်နဲ့ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ဖို့ အလေးထား ဆောင်ရွက်သွားမှာပါ၊ နောက်ပြီး ခရီးသွားလုပ်ငန်းကြောင့် ဒေသခံများရဲ့ ဘဝတိုးတက်ဖို့နဲ့ ခရီးစဉ်ဒေသများမှာရှိတဲ့ တောတောင်သဘာဝ မပျက်ယွင်းဖို့ ထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းကို လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်"** ဟု ဦးမြတ်ဝဏ္ဏက ရှင်းပြသည်။

ယခု ရွေးချယ်ခြင်းခံရသည့် ဆုမှာ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ခရီးသွား လုပ်ငန်းနှင့်ပတ်သက်သော ပထမဆုံးရရှိသည့်ဆုဖြစ်သည်။ ဦးမြတ်ဝဏ္ဏအနေဖြင့် ယခုရရှိသည့်ဆုကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ လာမည့် အောက်တိုဘာလအတွင်း သွားရောက်လက်ခံရယူမည်ဖြစ်ရာ မြန်မာ့ခရီးသွားလုပ်ငန်းများသည် ကမ္ဘာ့အဆင့်အတန်းဝင်နေသည်ကို ဖော်ညွှန်း ပြသနေပါကြောင်း။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

(၁၃)ရက်မြောက်အဖြစ် ပေကျင်းအိုလံပစ်ပွဲတော် ဆက်လက်ဆင်နွှဲ
အိမ်ရှင်တရုတ်တို့ ရွှေအများဆုံးဖြင့် ဦးဆောင်နေဆဲ

■ ဆင်ဟွာသတင်းများကို အခြေခံ၍ မောင်မောင်မြင့်ဆွေ ကိုးကားရေးသားသည်။ ■

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၂၁

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ၁၃ရက်မြောက်နေ့အဖြစ် ဆက်လက်ဆင်နွှဲလျက်ရှိသည်။ နိုင်ငံတကာမှ အားကစားသမားများ ရွှေတံဆိပ်ရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိရာ အောင်ပွဲရကစားသမားအချို့ကို ဆက်လက်ဖော်ပြလိုက်ရပါသည်-

လမ်းလျှောက်

အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ပွဲ၌ ရုရှားမှ အိုလ်ဂါကာနီစကီနာက ၁နာရီ ၂၆ မိနစ် ၃၁စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားခဲ့သည်။ နော်ဝေမှ လမ်းလျှောက်မယ် ဂျာစတီပလက်ဇာက ၁ နာရီ ၂၇မိနစ်၀၇ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး အီတလီမှ အီလီဆာရီဂါဒိုက ၁နာရီ ၂၇မိနစ် ၁၂စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ရွက်လှေ ရွှေ

အမျိုးသား နှစ်ယောက်တွဲ ရွက်လှေပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့သည့် စပိန်ရွက်လှေအားကစားသမားများ၏ အောင်ပွဲခံမြင်ကွင်း။

နယ်သာလန်မှ မာတင်ဗင်ဒါဝီဒင်က ၁နာရီ ၅၁မိနစ် ၅၁ဒသမ ၆စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးရရှိသွားသည်။ ဗြိတိသျှရေကူးသမား ဒေးဗစ်ဒါဗီးစ်က ၁နာရီ ၅၁မိနစ် ၅၃ ဒသမ ၁စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဂျာမနီမှ သောမတ်စ်လူဇ်က ၁နာရီ ၅၁မိနစ် ၅၃ဒသမ ၆စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသမီး မီတာ၂၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ပွဲကို ဆက်လက်ကျင်းပရာ ဂျမေကာ ရေကူးမယ် ကမ်ဘယ်ဘရောင်းက ၂၁ဒသမ ၇၄စက္ကန့်ဖြင့် ရွှေတံဆိပ်ရရှိခဲ့သည်။ အမေရိကန် ရေကူးမယ် အယ်လီဆင်ဖီလပ်က ၂၁ဒသမ ၉၃စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဂျမေကာရေကူးမယ် ကီရွန်စတီဝပ်က ၂၂စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

ရွက်လှေ

အမျိုးသားရွက်လှေပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ပွဲတွင် ဗြိတိသျှရွက်လှေအဖွဲ့က ၄၅ မှတ်ဖြင့် ရွှေတံဆိပ်ရရှိပြီး ဘရာဇီးရွက်လှေအဖွဲ့က ၅၃မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ကာ ဆွီဒင်ရွက်လှေအဖွဲ့က ၅၃ဒသမ ၀၁မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ဖိုင်လုပွဲ

ထို့အတူ နှစ်ယောက်တွဲအမျိုးသား ရွက်လှေပြိုင်ပွဲ နောက်ဆုံးဖိုင်လုပွဲကို ဆက်လက်ကျင်းပရာ စပိန်မှဖာနန်ဒို အီချောဗာရီနှင့် အင်တန်ပက်ဇ်တို့အတွဲက ၄၄ မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ဩစတြေးလျမှ ရွက်လှေကစားသမားများဖြစ်သော ဒါရင်ဘင်ဒေ့စ်နှင့် ဂလန်းအက်ဘိုင်တို့က ၄၉ မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး အာဂျင်တီးနားမှ ဆန်တီရာရိုလန်ဂီနှင့် ကားလို့စ်အက်စ်ပင်ရိုလာတို့က ကြေးတံဆိပ်ရရှိခဲ့သည်။

ရေကူး

အမျိုးသား ကီလိုမီတာ၁၀ အလွတ်တန်းရေကူးပြိုင်ပွဲ နောက်ဆုံးဖိုင်လုပွဲတွင်

နပန်း

အမျိုးသား ၈၄ ကီလိုတန်း နပန်းပြိုင်ပွဲ နောက်ဆုံးဖိုင်လုပွဲတွင် ဂျော်ဂျီယာနပန်းသမား ရီဗာဇီမင်ဒိုရက်ဗီလီက ရွှေတံဆိပ်ဆွတ်ခူးပြီး တာဂျစ်ကစ္စတန်နပန်းသမား ယူဆွပ်အဗ္ဗဒူဆာလိုမော့ဗ်က ငွေတံဆိပ်ရရှိခဲ့သည်။ ယူကရိန်းနပန်းသမား တာရက်စ်ဒန်ကိုက တူရကီမှ ဆာဟက်ဘာစီကိုအနိုင်ရပြီး ကြေးတံဆိပ်ရရှိခဲ့သည်။

နပန်း

အမျိုးသား ၈၄ ကီလိုတန်း၌ ဂျော်ဂျီယာနပန်းသမား ရက်ဗီယီ၏(အောက်) ဤသို့ ယှဉ်ပြိုင်ခဲ့သည်။

သဲသောင်ပြင်ဘော်လီဘော

အမျိုးသမီးသဲသောင်ပြင်ဘော်လီဘော နောက်ဆုံးဖိုင်လုပွဲကို ဆက်လက်ကျင်းပရာ အမေရိကန်ဘော်လီဘောမယ်များအဖွဲ့က ရွှေတံဆိပ်ရရှိခဲ့ပြီး တရုတ်ဘော်လီဘောမယ်များက ငွေတံဆိပ်ရရှိခဲ့သည်။ ထို့အပြင် တရုတ်ဘော်လီဘောမယ်များ နောက်တစ်ဖွဲ့ကပင် ဘရာဇီးဘော်လီဘောမယ်များကို အနိုင်ရရှိပြီး ကြေးတံဆိပ်ရရှိခဲ့သည်။ ။

အမျိုးသမီး သဲသောင်ပြင် ဘော်လီဘော၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြသည့် အမေရိကန် အားကစားမယ်များ၏ အပြုံးမျက်နှာ။

ပေကျင်းအိုလံပစ် ဆုရရှိမှုအနေအထား

ဩဂုတ် ၂၁ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၄၆	၁၅	၂၂	၈၃
၂	အမေရိကန်	၂၈	၃၄	၃၁	၉၃
၃	ဗြိတိန်	၁၇	၁၂	၁၁	၄၀
၄	ရုရှား	၁၆	၁၆	၁၉	၅၁
၅	ဩစတြေးလျ	၁၁	၁၃	၁၄	၃၈
၆	ဂျာမနီ	၁၁	၈	၁၂	၃၁
၇	တောင်ကိုရီးယား	၁၀	၁၀	၆	၂၆
၈	ဂျပန်	၉	၆	၉	၂၄
၉	အီတလီ	၆	၇	၈	၂၁
၁၀	နယ်သာလန်	၆	၅	၄	၁၅
၁၁	ယူကရိန်း	၅	၅	၉	၁၉
၁၂	ဂျမေကာ	၅	၃	၁	၉
၁၃	ပြင်သစ်	၄	၁၂	၁၄	၃၀
၁၄	စပိန်	၄	၅	၂	၁၁
၁၅	ရိုမေးနီးယား	၄	၁	၃	၈
၁၆	ပိုလန်	၃	၄	၁	၈
၁၇	ချက်	၃	၃	-	၆
၁၈	နယူးဇီလန်	၃	၁	၅	၉
၁၉	ဆလိုဗက်ကီးယား	၃	၁	၁	၅
၂၀	ဂျော်ဂျီယာ	၃	-	၃	၆
၂၁	ကနေဒါ	၂	၇	၅	၁၄
၂၂	ကျူးဘား	၂	၆	၆	၁၄
၂၃	ကင်ညာ	၂	၄	၂	၈
၂၄	ဘီလာရုစ်	၂	၃	၈	၁၃
၂၅	ဒိန်းမတ်	၂	၁	၃	၆
၂၆	မြောက်ကိုရီးယား	၂	၁	၃	၆
၂၇	အီသီယိုးပီးယား	၂	၁	-	၃
၂၈	ဆွစ်ဇာလန်	၂	-	၃	၅
၂၉	ကာဇက်စတန်	၁	၄	၅	၁၀
၃၀	နော်ဝေ	၁	၃	၂	၆
၃၁	တူရကီ	၁	၃	၂	၆
၃၂	ဇင်ဘာဘွေ	၁	၃	-	၄
၃၃	အဇာဘိုင်ဂျန်	၁	၂	၃	၆
၃၄	ဥဇဘက်ကစ္စတန်	၁	၂	၃	၆
၃၅	ဆလိုဗေးနီးယား	၁	၂	၂	၅
၃၆	ဘရာဇီး	၁	၁	၅	၇
၃၇	ဘူလ်ဂေးရီးယား	၁	၁	၃	၅
၃၈	အင်ဒိုနီးရှား	၁	၁	၃	၅
၃၉	ဖင်လန်	၁	၁	၁	၃
၄၀	အက်စ်တိုးနီးယား	၁	၁	-	၂
၄၁	မွန်ဂိုလီးယား	၁	၁	-	၂
၄၂	ပေါ်တူဂီ	၁	၁	-	၂
၄၃	ထိုင်း	၁	၁	-	၂
၄၄	အာဂျင်တီးနား	၁	-	၂	၃
၄၅	အိန္ဒိယ	၁	-	၁	၂
၄၆	မက္ကဆီကို	၁	-	၁	၂
၄၇	ဘာရိန်း	၁	-	-	၁
၄၈	ကင်မရွန်း	၁	-	-	၁
၄၉	ပနားမား	၁	-	-	၁
၅၀	တူနီးရှား	၁	-	-	၁

မန်ယူခံစစ်မှူး ဆီလ်ဗက်စတာ အာဆင်နယ်မှ နှစ်နှစ်စာချုပ်ခေါ်ယူ

လန်ဒန် ဩဂုတ် ၂၁

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါး(**အောက်ပုံ**)သည် မန်ယူခံစစ်မှူး မီခေးလ်ဆီလ်ဗက်စတာအား ဖွင့်ဟမကြေညာသော ပြောင်းရွှေ့ကြေးနှင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ခြင်းဖြင့် အသင်း၏ ခံစစ်ကိုဖြည့်တင်းခဲ့သည်။

စာချုပ်ချုပ်ဆို

အိုးထရက်ဖို့ဒ်၌ ကိုးနှစ်တာကစားပြီးနောက် ပြီးခဲ့သည့်နွေရာသီက ဒူးအရွတ်ဒဏ်ရာကြောင့် ပွဲစဉ်များစွာနှင့် လွဲချော်ခဲ့ရသည့် အသက် ၃၁နှစ်ရှိ ခံစစ်မှူးဆီလ်ဗက်စတာသည် အီမရိတ်ကစားကွင်းတွင်ကစားရန် အာဆင်နယ်နှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့သည်။

မန်ယူအသင်းတွင် ဗဟိုခံစစ်၌ ဖာဂူဆန်က ဖာဒီနန်နှင့် ဗီဒစ်တို့အတွဲကို ပထမကစားသမားအဖြစ် အမြဲတမ်း ပွဲထွက်ကစားစေခဲ့မှုကြောင့် ဆီလ်ဗက်စတာမှာ နေရာရရေးအတွက် ရုန်းကန်ခဲ့ရသည်။ **(အင်တာနက်)**

ဆန်တာခရုဇ် အသင်းပြောင်းရွှေ့မည်မဟုတ်
ဘလက်ဘန်းအသင်းက အခိုင်အမာပြောကြား

လန်ဒန် ဩဂုတ် ၂၁

မာ့ခ်ဟုချ်၏ မန်စီးတီးအသင်းပြန်လည်ပြုပြင်ဖွဲ့စည်းရေးတွင် ဆန်တာခရုဇ်(အောက်ပုံ) **ပါဝင်မည်မဟုတ်ကြောင်း၊ သူသည် မည်သည့်အသင်းသို့မျှ ပြောင်းရွှေ့မည်မဟုတ် ကြောင်း ဘလက်ဘန်းအသင်းခေါင်းဆောင် ရှိုင်ယန်နယ်လ်ဆင်က ပြောကြားခဲ့သည်။**

ငြင်းပယ်ခဲ့



ပါရာဂွေးနှင့်ဘလက်ဘန်း တိုက်စစ်မှူးဆန်တာခရုဇ်အား မန်စီးတီးအသင်းက ပေါင်၁၂သန်းဖြင့် ကမ်းလှမ်းခဲ့မှုကို လွန်ခဲ့သည့်ရက်သတ္တပတ်က ဘလက်ဘန်းအသင်းက ငြင်းပယ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆန်တာခရုဇ်သည် လွန်ခဲ့သည့် ဘောလုံးရာသီက ဘေယန်မြူးနစ်မှ ပေါင်၃ဒသမ၈သန်းဖြင့် ဘလက်ဘန်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ၄င်းကိုရောင်းချခြင်းဖြင့် အသင်းပိုင်ရှင်သက်ဆင်၏ ပြည်နှင်ဒဏ်ခံရမှုကြောင့် ဘဏ္ဍာရေးပြဿနာပေါ်ပေါက်နေသော မန်စီးတီးအသင်းအား ပြေလည်စေမည်ဖြစ်သည်။ (အင်တာနက်)

အာရှာဗင်အား စပါး၏ကမ်းလှမ်းမှု အပြောင်းအရွှေ့ပိတ်တော့မည်ဟု ဇင်းနစ်ပြောကြား

မော်စကို ဩဂုတ် ၂၁

ဇင်းနစ်တိုက်စစ်မှူးအာရှာဗင်(**အောက်ပုံ**)အား စပါးအသင်းမှခေါ်ယူရန် အဆိုပြုကမ်းလှမ်းထားမှုကို ငြင်းပယ်သည့်အနေဖြင့်၄င်း၏ အပြောင်းအရွှေ့ဈေးကွက်ပိတ်မည်ဖြစ်ကြောင်း ဇင်းနစ်အသင်းက အခိုင်အမာပြောကြားသည်။



သဘောတူညီမှုမရ

ဇင်းနစ်အသင်းနှင့် စပါးနည်းပြဂျူအန်ဒီရာမို့စ်တို့ အာရှာဗင်၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ပြီးနောက် အသက်၂၇နှစ်ရှိ တိုက်စစ်မှူးအာရှာဗင်သည် စပါးတွင်ကစားရန် ဆန္ဒရှိနေသည်။ သို့သော်လည်း ရုရှားအသင်းဇင်းနစ်က အာရှာဗင်၏ပြောင်းရွှေ့ကြေးကို ပေါင်သန်း၂၀ဈေးဆိုခဲ့သည့်အတွက် ယင်းပြောင်းရွှေ့ကြေးနှင့်ပတ်သက်ပြီး နှစ်ဦးနှစ်ဖက် သဘောတူညီမှုမရဘဲဖြစ်နေသည်။ **(အင်တာနက်)**

အမေရိကန် အိုးပင်းတင်းနစ် လက်ရည်စစ်ပွဲ ဗြိတိသျှ တင်းနစ်သမားလေးဦး ဒုတိယအဆင့်တက်ရောက်

လန်ဒန် ဩဂုတ် ၂၁

အမေရိကန် အိုးပင်းဖလားတင်းနစ်ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲတွင် ဗြိတိသျှ တင်းနစ်သမားလေးဦးသည် ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်သွားခဲ့ကြသည်။

ရောက်ရှိ

အမျိုးသမီးတင်းနစ် လက်ရည်စစ်ပွဲတွင် ဗြိတိသျှအဆင့်(၂)ရှိ တင်းနစ်မယ် အီလီနာ ဘယ်လ်တာချာသည် ပိုလန်မှ အန်နာကော်ဇီနိတ်အား ၇-၆၊ ၇-၅၊ ၅-၇၊ ၆-၀ ဖြင့် လည်းကောင်း ၊ ဗြိတိန်မှ ပင်မီလာနီဆောက်သ်က အီတလီမှ အယ်လ်ဘာတာ ဘရိုင်ယန်တီ အား ၆-၂၊ ၃-၆၊ ၆-၃ဖြင့် အသီးသီးအနိုင်ရရှိကာ လက်ရည်စစ်ပွဲ ဒုတိယအဆင့်သို့ ရောက်ရှိသွားကြသည်။

၄င်းတို့သည် ဒုတိယအဆင့် ပတ်လည် လက်ရည်စစ်ပြိုင်ပွဲတွင် ပြိုင်ပွဲမှ ထွက်သွားသူ နာအိုမီကာဗာဒေးမှတစ်ပါး ခရီအေးရှားတင်းနစ်မယ် ပက်ထရာမာတစ် အား ၃-၆၊ ၆-၄၊ ၆-၀ ဖြင့် အနိုင်ရရှိသူ ဗြိတိန်မှ ကာတီအိုတာရိုင်ယန်နှင့် ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။

အနိုင်ရခဲ့

အမျိုးသား တင်းနစ် လက်ရည်စစ်ပွဲတွင် ဗြိတိသျှ အဆင့်(၃)ရှိ ဂျော့ရှ်ဂွတ်အောလ်သည် စပိန်မှ မီဂူယယ်လ်အိန်ဂျယ်လိုပက်ဇ်အား ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့သည်။သို့သော်လည်း အဲလက်စ်ဘော့ဂ်ဒန်နိုဗစ်၊ အဲလက်စ်ဆလာပင်စကီနှင့် ရစ်ချတ်ဘလွန်းဖီးလ်တို့အားလုံး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

အိုလံပစ်အမျိုးသမီးဘောလုံး ပြိုင်ပွဲ

ဖိုင်လုပွဲ
အမေရိကန် တစ်ဂိုး - ဘရာဇီး ဂိုးမရှိ
တတိယနေရာလုပွဲ
ဂျာမနီ နှစ်ဂိုး - ဂျပန် ဂိုးမရှိ



အမည်ပြောင်း

အဖ ဦးခင်ဇော် ၁၂/လကန(နိုင်)၀၃၅၅၁၃၏သား ကျုံပျော် အထက တက္ကသိုလ်ဝင်တန်း (G) မှ မောင်ကျော်ထွန်းဇော်အား မောင်ကျော်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်မင်းခန့်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၅၃၆၉ Nissan Diesel, Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သုမာလာမောင် မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၁၉၇၃၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနတိုင်းရုံးခွဲ(ရွာသာကြီးရုံး)ရန်ကုန်မြို့။

မွေးနေ့ဆုမွန်ကောင်း

သားသား **သီဟသူရ** Grade-1 (A)(အထက-၁၊ ဒဂုံ)၏ ၂၂-၈-၂၀၀၈ရက်တွင် ကျရောက်သော (၅)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် လိုအင်ဆန္ဒများ အမြဲတမ်းပြည့်ဝနိုင်ပါစေ။

ဘိုးဘိုး ဘွားဘွား၊ ဦးဦး ဒေါ်ဒေါ်များ
ချစ်ဆရာမ ဒေါ်မာလာထွန်း
ချစ်ဖေကြီး ကိုစိုးလင်းအောင်-ချစ်မေကြီး မဝါဝါမြင့်
ချစ်မမ မသီရိရတနာလင်း Grade-5 (A)
(အထက-၁၊ ဒဂုံ)။

ဘေဘီလေး-

မွေးနေ့မှသည်
နောက်ဆုံးထွက်သက်အထိ အောင်မြင်မှုတွေ၊
ပျော်ရွှင်ချမ်းမြေ့မှုတွေ အပြည့်အဝရနိုင်ပါစေ။

မောင်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ် ၃၄၊ နေပြည်တော်
ကြေညာချက်

ရန်ကုန်တိုင်းပြင်ပရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်ထုတ်ယူနိုင်မည့် ကျပ် ၁၀၀ တန် ထီဆုငွေတန်ဖိုး တိုးမြှင့်သတ်မှတ်ခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲသည် ကျပ် ၁၀၀ တန် ထီဖွင့်ပွဲများကို လစဉ်အကြိမ်စဉ်ကျင်းပလျက်ရှိပြီး ထီဆုငွေများကိုထုတ်ပေးရာတွင် ဆုငွေကျပ် ၄၀၀၀၀(ကျပ်လေးသောင်း)နှင့်အထက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများတွင် ထုတ်ပေးလျက်ရှိပြီး ကျပ် ၄၀၀၀၀ (ကျပ်လေးသောင်း)နှင့် အောက်ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူခွင့်ပြုလျက်ရှိပါသည်။

၂။ ယခုအခါ ထီဆုငွေထုတ်ယူသူများ ပိုမိုအဆင်ပြေလွယ်ကူစေရန် ၂၀၀၈ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ရောင်းချပြီး အောက်တိုဘာလ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၃၇)ကြိမ်မြောက် ထီဖွင့်ပွဲမှစတင်၍ ကျပ် ၁၀၀၀၀၀ (ကျပ်ဆယ်သိန်း)နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

ရက်စွဲ၊ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၂၁ရက်



ဟေ့-မပြောမရှိနဲ့နော်

လစာထုတ်တဲ့ရက်မှာ အိမ်ကယောကျ်ားကို အစွမ်းကုန်ပြုံးပြပြီး

Jasmine Phyu ကို ခေါ်လာခဲ့နော်၊ လိုချင်တာတွေအကုန်ရအောင်

Jasmine Phyu က ကူညီပေးမယ်....

Jasmine Phyu
Gem & Jewellry Shop
No.56, Kabar Aye Pagoda Road,
Yinkin Township, Yangon,
Myanmar.
Tel: 95-1-661762

ထီးချိုင့်မြို့တွင်းလမ်း ကတ္တရာခင်းရန် ကျောက်များစုဆောင်း

ထီးချိုင့် ဩဂုတ် ၂၁

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏၂၀၀၈-၂၀၀၉ခုနှစ်ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက်လမ်းခင်းကျောက်များစုဆောင်းထားမှုကို ဇူလိုင်၃၀ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကွင်းဆင်းကြည့်ရှုရာ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်အောင်က ကျောက်များ အပြည့်အစုံ စုဆောင်းပြီးစီးမှုကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပုလောမြို့ အမှတ်(၄)ရပ်ကွက် ကိုးတောင်တောင်ပေါ်ရှိ ဂါလန် ၄၀၀၀၀ ဆံ့ မြို့ရေပေးရေး ရေလှောင်ကန်အမိုး ပြန်လည်ပြုပြင်ခြင်း၊ ရေကန်ပြန်လည် ဆေးခြင်းနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၄ ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်စည်ပင်)

စာကြည့်တိုက်ဆောက်လုပ်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော်လယ်ဝေး ဩဂုတ် ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် နေပြည်တော် ပျဉ်းမနားခရိုင် ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးနှင့် ဝန်ထမ်းများ လိုက်ပါလျက် ဇူလိုင် ၂၀ရက်က နေပြည်တော် လယ်ဝေး ရန်အောင်မြင်ကျေးရွာသို့ ရောက်ရှိ၍ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေး ညှိနှိုင်းဆွေးနွေးပြီး မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဇီးကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးနှင့် ပတ်သက်၍ ကျေးရွာဥက္ကဋ္ဌ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး မြေနေရာကို ကြည့်ရှုစစ်ဆေးကာ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုပင်မြို့ မြဇေယျာရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြောင်းဖော်ခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့တာဝန်ခံ ဦးသိန်းထူး ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာသင်တန်း အမရပူရ၌ ဖွင့်လှစ်

အမရပူရ ဩဂုတ် ၁၈

အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၅ရက် နံနက်၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသင်တန်းတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးအေးသန်း၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှတို့က စာကြည့်တိုက်နှင့်ပတ်သက်သော လုပ်ငန်းများကို ဟောပြော ပို့ချရာ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယင်းမာပင် မောက်ရတနာ မြေဖြူကုန်ထုတ် သမဝါယမအသင်း လုပ်ငန်းအစီရင်ခံစာနှင့် နှစ်ချုပ်စာရင်း ရှင်းလင်းဆွေးနွေး

ယင်းမာပင် ဩဂုတ် ၁၄

မုံရွာခရိုင် ယင်းမာပင်မြို့နယ် မောက်သရက်ကျေးရွာ မောက်ရတနာ မြေဖြူကုန်ထုတ် သမဝါယမအသင်း လီမိတက် ၂၀၀၇-၂၀၀၈ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၉ရက် နံနက် ၁၀နာရီက အသင်းဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည်။

ဖတ်ကြားဆွေးနွေး

ရှေးဦးစွာ အသင်းဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးမြဒေါင်းနှင့် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းကြွေတို့က အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အဖွဲ့လုပ်ငန်း အစီရင်ခံစာနှင့် နှစ်ချုပ် စာရင်းစစ်ဆေးတွေ့ရှိချက်များကို ဖတ်ကြားရှင်းလင်းဆွေးနွေးရာ ဦးစီးအရာရှိ ဒေါ်ဝင်းကြွေနှင့် အမှုဆောင်အဖွဲ့က ပြန်လည်ဖြေကြားကြသည်။

အစုဖြည့်ပေး

ဆက်လက်ပြီး အသင်းမှ အလုပ်သမားများအား ချီးမြှင့်ငွေကျပ် ၁၁၄၀၀၀ ကို ပေးအပ်ပြီး အသင်းသား ၃၈ဦးတို့အား ငွေကျပ်၃၉၅၇၄၀ကို အစုဖြည့်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့မြန်မာအ မျိုး သ မီး များ နေ့ အခမ်းအနားကို ဇူလိုင် ၃ရက်က ရန်ကြီးအောင်ခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်တင်တင်က အသိတရားနှင့် သတိထား စ ရာ လေး များ ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(ခရိုင် ပြန်/ဆက်)

အလွတ်တန်းဘောလုံးပြိုင်ပွဲ

ဇွန် ၁၉ရက်က ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မြို့မအားကစားပြိုင်ဝင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းအား အားကစားသမားများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြစဉ်။ (၀၀၇)

တောင်သူများ စပါးအထွက်တိုးရေး ပညာပေး မိုးမောက်၌ သဘာဝမြေဩဇာအီးအမ်ဘိုကာရှီ ကြဲပက်သရုပ်ပြ

မိုးမောက် ဩဂုတ် ၁၇

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူများအား စပါးအထွက်တိုးရန် ပညာပေးဟောပြောပွဲနှင့် သဘာဝဓာတ်မြေဩဇာ အီးအမ်ဘိုကာရှီ ကြဲပက်ခြင်း သရုပ်ပြပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ပန်ချိုးဟိုင်ကျေးရွာအုပ်စု ရွာလယ်ဇရပ်၌ ကျင်းပသည်။

သရုပ်ပြသ

ဟောပြောပွဲတွင် ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က တောင်သူများအား အမှာစကားပြောကြားပြီး မြို့နယ်စာရင်းဦးစီးမှူး ဦးမျိုးတင့်က စပါးအထူးအထွက်တိုးရန် ပညာပေးဟောပြောခြင်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတောက်ထွန်းက သဘာဝဓာတ်မြေဩဇာ အီးအမ်ဘိုကာရှီ ကြဲပက်သရုပ်ပြသခြင်းကိုလည်းကောင်း ပညာပေးဆွေးနွေးဟောပြောကြသည်။

ရှင်းလင်းဆွေးနွေး

ဟောပြောပွဲသို့ ပန်ချိုးဟိုင်ကျေးရွာနှင့် နောင်းပေါင်းကျေးရွာတို့မှ တောင်သူ ၂၅၀ တက်ရောက်ကြပြီး တောင်သူများက သဘာဝဓာတ်မြေဩဇာနှင့် ပတ်သက်၍ မရှင်းလင်းသည်များကို မေးမြန်းရာ စိုက်ပျိုးရေးမန်နေဂျာက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇူလိုင် ၅ရက်က တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာလမ်း ပြည်သူ့ဆေးရုံရှေ့ လမ်းဘေးဝဲယာ တစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းကို အဖွဲ့ဝန်ထမ်းများနှင့်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးတင်စွမ် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ရမ်းဗြဲ၌ ဆောင်ရွက်

ရမ်းဗြဲ ဩဂုတ် ၁၁

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ မြို့ပေါ်ရပ်ကွက်စာသင်ကျောင်းများနှင့် မြို့မဈေးတို့တွင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၁ရက်က အမှုဆောင်အရာရှိဦးဝင်းဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးဦးကျော်ညွန့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (၁၇၄)

တီဘီရောဂါဆိုင်ရာ အသိပေးဆွေးနွေး

ကနီ ဩဂုတ် ၁၂

စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ တီဘီရောဂါဆိုင်ရာ အသိပေးဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး ဦးကျော်စိုးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ဒေါက်တာသန်းလွင်က တီဘီရောဂါဆိုင်ရာ အသိပေး ဆွေးနွေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကွန်ကရစ်တံတားဆောက်လုပ်

ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးဒေသ ခတ္တာလမ်း ကွန်ကရစ်တံတားဆောက်လုပ်ခြင်းကို ဇွန် ၁၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၃)ဦးဝေဖြိုးနောင် ဦးစီးဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ထူးကြီးနှင့် ကျိတ္တော ကျေးရွာတွင် ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၂၃ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက် ၁၅၇ လမ်း အမှတ် ၁၁၉နေ ဒေါ်သီသီ၏ အသက် (၆၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် သုတ္တန္တပိဋက၊ အင်္ဂုတ္တရနိကာယ၊ အင်္ဂုတ္တိုရ်ပါဠိ(တ-အုပ်)တွင် ကြေးပိဋကတ်တော် လေးချပ်တန်ဖိုး ငွေကျပ် ၁၀၄၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

တောင်ငူ ရွှေဆံတော်စေတီပြုပြင်ရန် ငွေလှူဒါန်း

တောင်ငူ ဩဂုတ် ၂၀

တောင်ငူမြို့၏ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးရင်ပြင် ဂန္ဓကုဋိအာရုံခံ တန်ဆောင်းအတွင်း ဘဏ္ဍာတော်ထိန်းဂေါပက ရုံးအဆောက်အအုံ၊ ရင်ပြင်တော်ပေါ်ရှိ စေတီရံများ၊ မဟာရံတံတိုင်းနှင့်မြေထိန်းနံရံများ ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် သီရိသုဓမ္မသီဂီ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်က ငွေကျပ်သိန်း ၅၀၀၊ ဦးတင်ထွန်း (ဂေါပက)-ဒေါ်ခင်လှနွယ်၊ ညီမ ဒေါ်တင်မြမြက ငွေကျပ်သိန်း၅၀**(အပေါ်ယာပုံ)**၊ ဦးရဲဝင်း (ဂေါပက)-ဒေါ်စမ်းစမ်းမြင့်က ငွေကျပ် ၂၅ သိန်း၊ ဦးကျော်စိန်(ဂေါပက)-ဒေါ်ဝင်းရီမိသားစုက ငွေကျပ်သိန်း၂၀၊ ဦးလွင်အောင်-ဒေါ်စန်းရီက ငွေကျပ်သိန်း၂၀၊ ဦးမြင့်အောင်(ဂေါပက)-ဒေါ်လှညွန့်ကငွေကျပ်ငါးသိန်း၊ ဦးမြင့်သူ-ဒေါ်ခင်သန်းဝင်း(နန်းသူဇာပဲလှော်၊ပဲကြော်လုပ်ငန်း) က ငွေကျပ်ငါးသိန်း၊ ဦးတင်လှ- (ဒေါ်တင်တင်အေး)ပစ်တိုင်းထောင်မိသားစုကငွေကျပ်ငါးသိန်း၊ ဦးသိန်းလွင်(ဂေါပက)-ဒေါ်မြင့်မြင့်ဝေ(လမင်းဆန်ပွဲရုံ) နှင့် ဦးယဉ်မြွေး (ဂေါပက)-ဒေါ်ဆွေဆွေဝင်း မိသားစု(မိဘမေတ္တာ ဆန်ပွဲရုံ)ကငွေကျပ် ငါးသိန်း၊ ဦးပင်ငါ-ဒေါ်သိန်းသိန်းက ငွေကျပ်တစ်သိန်း၊ဦးသန်းဝင်း-ဒေါ်မူမူစိန်ကငွေကျပ်တစ်သိန်း၊ဦးရဲထွဋ်(ဂေါပက)-ဒေါ်အေးမြင့်က ငွေကျပ်တစ်သိန်း၊ ဦးထွန်းထွန်း-ဒေါ်မြင့်မြင့်ရီ မိသားစု(ဘုရင့်နောင်သက်နံ့တိုက်)ဗဟန်း ရန်ကုန်မြို့က ငွေကျပ်တစ်သိန်း၊ ဦးအောင်သန်းမြင့်(ဂေါပက)-ဒေါ်စန်းစန်းအေးမိသားစု (ခရိုင်ဥပဒေဝန်ထမ်း)က ငွေကျပ် ငါးသောင်း၊ ဦးဝင်းနိုင်-ဒေါ်တူးတူး ထန်းတပင်မြို့နယ်က ငွေကျပ်ငါးသောင်း၊ ဦးမြင့်ညို-ဒေါ်ဝင်းကြည်ကငွေကျပ်ငါးသိန်းတန်ဖိုးရှိ အုတ်များ လှူဒါန်းကြသည်။ **(ဂေါပကအဖွဲ့)**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ မြိတ်၌ကျင်းပ

မြိတ် ဩဂုတ် ၁၉

၂၀၀၈ခုနှစ် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်၁၈ရက် ညနေ ၃နာရီက တိုင်းအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် မြိတ်တပ်နယ် (က) အသင်းနှင့် အမှတ်(၂၀) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အမှတ်(၂၀) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုများချီးမြှင့်ရာ ပြိုင်ပွဲတစ်လျှောက် တာဝန်ယူဆောင်ရွက်သော ဒိုင်လူကြီးများအား လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆုရရှိသောအသင်းများမှ အားကစားသမားများအား လည်ဆွဲဆုနှင့် ငွေသားဆုကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ တံခွန်စိုက် ဒိုင်းဆုရရှိသော အမှတ်(၂၀)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အသင်းအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးက ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(၀၄၃)**

တာချီလိတ် မြို့နယ်စည်ပင် တာလေ-မိုင်းလင်းလမ်း ကတ္တရာခင်းဆောင်ရွက်

တာချီလိတ် ဩဂုတ် ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် ဇွန် ၁၆ ရက်က တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်လုပ်ငန်းဖြစ်သော တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တာလေ-မိုင်းလင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ခြောက်ပင်-နတ်မီးကျေးလက် မြေသားလမ်းဆောင်ရွက်နေမှုကို ခေတ္တအမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းဦးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၁၂ ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံစည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသော မြေယာရှုခင်းဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)



ဖန်းမော်မြို့ ပင်စင်ကုန်းတံတား ပြုပြင်ဆောင်ရွက်

ဖန်းမော် ဩဂုတ် ၁၉

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ပင်စင်ကုန်းတံတား ပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဦး ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင် ကြီးကြပ်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် M.V.Bulk Europe Uniteam Shipping Co., Ltd. မှ ကပ္ပတိန် ဦးမြင့်ဦး၊ ဦးစိုင်းစိုင်း (2/E)တို့ ဦးဆောင်၍ သင်္ဘောသား အားလုံးတို့က FEC 1300 ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်နှင့် ဘဏ္ဍာရေးမှူး ကပ္ပတိန် ဦးငွေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	၁၁ မှ ၁၅/မမ/ပတ	ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ	(1) Lot
		Alco Engine အတွက်လိုအပ်သော Special Tools များ	(1) Lot
		စက်ပစ္စည်းကိရိယာများ	(1) Lot
		Engine(MITSUIDEUTZ, Model-F 6 L 912(05002541)	
		Spare Parts နှင့် ဆက်စပ်ပစ္စည်းများ	(1) Lot
		CO_2, Coil, Cutting Disc, Electrode	(1) Lot
		M.S Plate, Bean, Angle, M.S Rod,	(1) Lot
		Propane Nozzle, Bolt & Nut, Split Pin	(1) Lot
		တွဲအရန်ပစ္စည်းများ	(1) Lot
		Oxygen Cylinder Propane gas in Cylinder	(1) Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်/အချိန် - ၁၉-၉-၂၀၀၈ ရက် မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၈-၂၀၀၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၁၉၈၂၊ ၂၉၁၉၉၄(၂၀၁၅၅ လိုင်းခွဲ-၆၀၁၊ ၆၀၂)။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်တို့နှင့်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ နံနက် ၁၁ နာရီတွင် ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်အားလည်းကောင်း ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က Mr. Gambari အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် အဖွဲ့ဝင်များအား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မျက်မှောက်ကာလသည် ပညာခေတ်ဟုဆိုရာတွင် သာမန်စဉ်းစားကြည့်ပါက သိပ္ပံပညာ၊ နည်းပညာ တတ်ကျွမ်းရမည့် အချိန်ကာလဟု သဘောပေါက်နိုင်ပါသည်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်ကြီးများဖြစ်လာရန် ကြိုးပမ်းကြရမည်ဟု နားလည်မိပေလိမ့်မည်။ အမှန်တကယ်မူ ပညာဆိုသည်မှာ ထို့ထက်ကျယ်ဝန်း နက်ရှိုင်းပါသည်။ **အေးချမ်း၏ ဆောင်းပါး စာ - ၁၀**